မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၁၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၈ခုနှစ် ဩဂုတ်၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘန်ဘန်း ယူဒိုရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၈ခုနှစ် ဩဂုတ်၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာယူစွပ်ကာလာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျဓနသဟာယနိုင်ငံ သံအမတ်ကြီး မစ္စမီရှဲလ်ဆူဝန်ချန်အား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၈ခုနှစ် ဩဂုတ်၁၇ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘန်ဘန်း ယူဒိုရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဩဂုတ် ၁၇ ရက်)

မူးယစ်ဆေးဝါး လုံးဝချုပ်ငြိမ်းပပျောက်ရေး အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းဆောင်ရွက်

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်သည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကို ခေတ်အဆက်ဆက်အစိုးရများသည် မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များနှင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

မည်သည့်ပတ်ဝန်းကျင် လူနေမှုဘဝမျိုးနှင့်မဆို မူးယစ်ဆေးဝါး ထိုးဖောက်ဝင်ရောက်လာလျှင် ၎င်းအန္တရာယ်သည် လုံခြုံစိတ်ချရသော အခြေအနေကို ပျက်ပြားစေနိုင်သည်။ မူးယစ်ဆေးဝါးကြောင့် အတောမသတ်နိုင်သည့် ဘေးဒုက္ခနှင့် ရောဂါအန္တရာယ်ဆိုးကြီး ဖြစ်ပွားပြီး ဘဝပန်းတိုင်ကို ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသည့် နိုင်ငံအားလုံးကို ခြောက်လှန့်နေလျက်ရှိပေရာ ထိုအန္တရာယ်ဆိုးကြီးနှင့် ကင်းဝေးစေရန် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးအတွက် မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ(၃)ရပ်ချမှတ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ရေးဆွဲ၍ ၁၉၉၉-၂၀၀၀ မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ကျေးလက်ဒေသများပါမကျန် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပေသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းမှာသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သောကြောင့် ဒေသတွင်း၊ ဒေသခွဲအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မူးယစ်ဆေးဝါးအန္တရာယ် ကင်းဝေးစေရန်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လက်တွဲညီညီနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်တွင် သောကြာဂြိုဟ်တိုင် တည်ဆောက်ရန် တောင်ဥက္ကလာပ မြို့နယ် (၇)ရပ်ကွက် သစ္စာလမ်း အမှတ် ၉၉၂နေ ဦးဝင်းမောင်၊ ဒေါ်သန်းသန်း (ဝင်းဆီဆိုင်) မိသားစုက အလှူငွေကျပ် နှစ်သိန်းကို မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက (ကညင်ကုန်း) ဆရာတော် ဦးဉာဏောဘာသထံ ရေစက်ချအနုမောဒနာတရားနာကြား၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(၁၀၀)

မြဝတီရုပ်မြင်သံကြား

၁၇-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၉။	သံစဉ်များနဲ့ကမ္ဘာ
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၃။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၉၆)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၁၉)



မန်စီမြို့အော်တိုအိတ်ချိန်းတည်ဆောက်ရေးအတွက် မြို့တွင်းကေဘယ်လ်များ သွယ်တန်းဆောင်ရွက်နေမှု ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် ဩဂုတ်၈ရက်က ရွှေကူမြို့ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင် ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ရွှေကူမြို့ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရွှေကူမြို့မှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ဗဟို အတွင်းရေးမှူး ဝန်ကြီးသည် ဩဂုတ် ၉ရက်တွင် မန်စီမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန်စီမြို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍**(အပေါ်ပုံ)** မြို့မိ၊ မြို့ဖများ၏တင်ပြချက်များ အပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့ပေါ်နှင့်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း၍ အာရှ အပြေးချန်ပီယံဟောင်း ဦးမီတုန်နော်အတွက် အိမ်ဆောက်လုပ်ရန်နှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မန်စီမြို့ အော်တိုအိတ်ချိန်း တည်ဆောက်ရေးအတွက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများ မြို့အတွင်း ကေဘယ်လ်များ သွယ်တန်းဆောင်ရွက်နေမှုများနှင့် အော်တိုအိတ်ချိန်းစက်ပစ္စည်းများ ရောက်ရှိ တပ်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ စနစ်တကျ တပ်ဆင်ထားရှိရန်နှင့်သတ်မှတ်ချိန်အတွင်း အချိန်မီ ပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟီတေသီအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ (၄၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ၁၃၇၀ပြည့်နှစ် တော်သလင်းလဆန်း၁ရက်(ဩဂုတ်၃၁ရက်) တနင်္ဂနွေနေ့ မွန်းလွဲ၁နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဟိတေသီ အဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အကြံဉာဏ် ပေးရန် ရှိပါက ဩဂုတ် ၂၈ရက် နောက်ဆုံးထား၍ အဖွဲ့ရုံးသို့ ပေးပို့နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဘုတပရိညာအသိပိုင်မှ ဝိပဿနာဖြစ်မည်** တရားတော်(ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၈:၀၀-၂:၀၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၄၅-၂:၄၅	တေးဂီတအစီအစဉ်
၈:၅၀-၂:၅၀	မြစ်ရေကို ဖြတ်ကျော်လို့ အလင်းစွမ်းအားပေးကြစို့
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	Activities In The City (ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ ရေစက်ချအလှူမင်္ဂလာ)
၉:၄၀-၃:၄၀	Cartoon Show Time (Happy Feet)
၁၀:၀၅-၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	ထန်းပင်မှဖြစ်သည့် အနုပညာ **(ထန်းပန်းချီ)**
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	Hotel Guide (Lucky Dragon Hotel)
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူ မြတ်သောအလှူ
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	နယဉ်ဆန်းထွင် ပန်းအလှဆင် (တြိဂံပုံပန်းအိုးထိုးနည်း) (ပန်းအိုးအကြီး)
၁၁:၅၀-၅:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅-၅:၅၅	ကျောင်းကျန်းမာရေး ပညာပေးအစီအစဉ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၁၂:၃၀-၆:၃၀	Biz Net
၁၂:၄၀-၆:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅-၆:၄၅	ပူဇော်ထိုက်က ပူဇော်ရ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃:၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Chelsea- Portsmouth	ESPN (Live)
၈:၂၅	Aston Villa-Man City	Star Sports (Live)
၉:၂၅	Man Utd-Newcastle	ESPN (Live)

ဩဂုတ် ၁၆ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ နေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စမီရှဲလ်ဆူဝန်ချန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရုပ်ပုံ) (သတင်းစဉ်)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တောင်ငူမြို့ရှိ အမှတ်(၈၈) သစ်စက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

အေးချမ်းခေတ်မီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁၆

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **'အေးချမ်းခေတ်မီ မြန်မာပြည်'** ဟူသောခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အရွယ်အစား

ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မ×၁၄လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများကို ယှဉ်ပြိုင်ခြင်းမပြုရ။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင် ဓာတ်ပုံများကို စက်တင်ဘာ ၂၅ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ရက်ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့တွင် ပဲခူးတိုင်း တောင်ငူမြို့ရှိ ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၈၈)သစ်စက် စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်မှုအဆင့်ဆင့်၊ လွှပြင်ခန်းအတွင်း လွှသွေးပြုပြင်နေမှုများ၊ အင်ဂျင်ခန်းအတွင်း လျှပ်စစ်မော်တာကြီးများဖြင့် စက်လည်ပတ်နေမှုနှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အုတ်တွင်းမြို့နယ် သစ်ထုတ်ရေးဌာန မြေစီးသစ်ဆိပ်သို့ရောက်ရှိပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် သစ်ဆိပ်ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား စင်ကာပူသမ္မတနိုင်ငံ သီရိလင်္ကာရ ရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူသည့် မဟာကရုဏာဗုဒ္ဓဘာသာအသင်းမှ ဆရာတော် ဒေါက်တာ ဂုဏရတနာသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့သစ်လုပ်ငန်းရုံးချုပ် ဧည့်ခန်းမ၌ ဘိုကလေးမြို့ လေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေး ဆပ်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေး **(ယာပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီ၏လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးသည်။

ဖြည့်စွက်မှာကြား

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးပြီး ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ကိုးထပ်ကျောင်းဆောင်သစ် ပါကေးခင်းလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၆)ရပ်ကွက်ရှိ မေတ္တာဝါဒီ ဟင်္သာတ (ပရဟိတ) ကိုးထပ်ကျောင်းဆောင်သစ်ကြီး၌ ပါကေးများ ခင်းလျက်ရှိရာ ပထမထပ်ကို ရိုးမဘဏ်ဝန်ထမ်းများက လှူဒါန်းပြီး ပျဉ်းကတိုးပါကေး တစ်ကျင်းလျှင် ကျပ်နှစ်သိန်းငါးသောင်း၊ ကိုရီးယားပါကေး တစ်ကျင်းလျှင် ကျပ်တစ်သိန်းငါးသောင်း၊ ကြွေပြား တစ်ကျင်းလျှင် ကျပ်ခြောက်သောင်းနှုန်းဖြင့် ဖုန်း-၆၆၂၉၇၆နှင့် ဖုန်း-၀၉-၅၁-၃၇၄၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ၁၆-၈-၂၀၀၈

အာရှနိုင်ငံများ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းပဒေသာ

ကမ္ဘာလှည့်ခရီးသည်နှစ်သန်း ယခုနှစ်အတွင်း ကမ္ဘောဒီးယားသို့ လာရောက်မည်

ဖနောင်ပင် ဩဂုတ် ၁၆

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ်ဝက်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁ ဒသမ ၁ သန်းရောက်ရှိခဲ့ရာ ၂၀၀၈ခုနှစ် တစ်နှစ်ပတ်လုံး ခရီးသွားဧည့်သည် နှစ်သန်းခန့်လာရောက်မည်ဟု မျှော်မှန်းထားသည်။ ခရီးသွားဧည့်သည် ထက်ဝက်ခန့်မှာ အန်ကောဝပ်ဘုရားကျောင်းနယ်မြေသို့ လာရောက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

ဗီယက်နမ်သို့ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုမြင့်တက်

ဟန်္နွိုင်း ဩဂုတ် ၁၆

ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ တစ်ရှိန်ထိုး ကောင်းမွန်လာကာ ယခုနှစ် ပထမခုနစ်လအတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၂ ဒသမ ၆ သန်းရောက်ရှိခဲ့ကြောင်း၊ ထိုင်း၊ ဂျပန်၊ အမေရိကန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နှင့်စင်ကာပူတို့မှ ခရီးသွားဧည့်သည်လာရောက်မှုအများဆုံးဖြစ်ကြောင်း သိရသည်။

ပါကစ္စတန် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မလေးရှားအစိုးရကူညီမည်

ကရာချိ ဩဂုတ် ၁၆

ပါကစ္စတန်နိုင်ငံ၏ စိုက်ပျိုးရေးနှင့်ခရီးသွားလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် မလေးရှားအစိုးရအနေဖြင့် ကူညီရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း မလေးရှားသံအမတ်ကြီး အာမက်ရှာဟီဇန်က ပြောကြားလိုက်သည်။

အာရှအွန်လိုင်းခရီးသွားလုပ်ငန်း မြင့်တက်လာမည်

ပေကျင်း ဩဂုတ် ၁၆

အာရှဒေသရှိ နိုင်ငံများအနေဖြင့် အွန်လိုင်းဖြင့်ခရီးသွားဝန်ဆောင်မှုမှာ နောင်လာမည့် ၁၀ နှစ်အတွင်း ယခုအချိန်ထက် ၉၀ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း တရုတ်ခရီးသွားအေဂျင်စီက ပြောကြားသည်။ အာရှနိုင်ငံများ၏ အွန်လိုင်းခရီးသွားဝန်ဆောင်မှုကို တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဟောင်ကောင်နှင့် ဗီယက်နမ်နိုင်ငံတို့က ဦးဆောင်လျက်ရှိသည်။

ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် ခရီးသွားလမ်းညွှန်စာအုပ် ပူးပေါင်းထုတ်ဝေ

ဟန်္နွိုင်း ဩဂုတ် ၁၆

ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် သုံးနိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် စာမျက်နှာ ၁၄၈မျက်နှာပါရှိသော သုံးနိုင်ငံခရီးသွားလမ်းညွှန်စာအုပ်ကို ထုတ်ဝေ ဖြန့်ချိလိုက်သည်။ ယင်းစာအုပ်တွင် ခရီးသွားနေရာဒေသများ၊ ရိုးရာအစားအစာ၊ ဟိုတယ်၊ မိုတယ်များနှင့် ခရီးသွားဆိုင်ရာ ဧည့်လမ်းညွှန်မှုများစွာ ပါဝင်ကြောင်း သိရသည်။

သီရိလင်္ကာကမ္ဘာလှည့် ခရီးသွားလုပ်ငန်း၌ တရုတ်ခရီးသည် ပိုမိုရောက်ရှိ

ကိုလံဘို ဩဂုတ် ၁၆

ယခုနှစ် ပထမနှစ်ဝက်အတွင်း သီရိလင်္ကာနိုင်ငံသို့ တရုတ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုသည် ယခင်နှစ် ကာလကထက် ၇ဒသမ၃ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း၊ သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အာဏာပိုင်အဖွဲ့က ကျွန်းငယ်များတွင် ခရီးသည်များ အပန်းဖြေနားခိုရန်အတွက် ဆွဲဆောင်မှုအပြည့်စီမံထားရှိရာ တရုတ်နိုင်ငံခရီးသည် ၅၃၈၃ဦး အလည်အပတ်ရောက်ရှိခဲ့ကြောင်း ဩဂုတ် ၁၄ရက်က ၎င်းနိုင်ငံ ခရီးသွားမှတ်တမ်း၌ ဖော်ပြသည်။

အင်ဒိုနီးရှား ခရီးသွားလုပ်ငန်း ပြန်လည်မြင့်တက်လာ

ဂျကာတာ ဩဂုတ် ၁၆

ပြီးခဲ့သည့်နှစ်များက သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်လှုပ်ခြင်း၊ ဆူနာမီရေလှိုင်းများ ကျရောက်ခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားခဲ့ခြင်းတို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှု ကျဆင်းလာရာမှ ၂၀၀၈ခုနှစ် နှစ်ဝက်အတွင်း ကမ္ဘာလှည့်ခရီးသည် ၂ဒသမ၉သန်းရောက်ရှိခဲ့ရာ ယမန်နှစ်အလားတူ ကာလကထက် ၁၁ဒသမ၆ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်၊ ဆင်ဟွာ)

ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံတို့ နယ်နိမိတ် ပြန်လည်သတ်မှတ်ရေး သဘောတူညီ

ဒမတ်စကတ် ဩဂုတ် ၁၆

ဆီးရီးယားနှင့်လက်ဘနွန်နိုင်ငံတို့သည် နှစ်နိုင်ငံနယ်စပ်ဒေသ သဘောထားကွဲလွဲမှုများကို နယ်နိမိတ်ပြန်လည်သတ်မှတ်ရေး သဘောတူညီမှုတစ်ရပ် ဆွေးနွေးခဲ့ကြသည်။

သံတမန်ဆက်ဆံရေး

ဒမတ်စကတ်မြို့တွင် ဩဂုတ်၁၄ရက်ကကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ညီလာခံ၌ ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံတို့အကြား နယ်နိမိတ်သတ်မှတ်ရေးကဏ္ဍကို အဓိကထားဆွေးနွေးခဲ့ပြီး ၎င်းနှစ်နိုင်ငံမှ အကြီးအကဲတို့က သံတမန်ဆက်ဆံရေးဆိုင်ရာ အခန်းကဏ္ဍတွင် အလေးအနက်ထားဆောင်ရွက်သွားကြရန်တို့ကို သဘောတူညီခဲ့သည်။

အကျိုးတူ

အဆိုပါ ဆွေးနွေးပွဲအပြီး၌ ၎င်းနှစ်နိုင်ငံအနေဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများနှင့် နယ်စပ်ဒေသဆိုင်ရာကဏ္ဍတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်ပြောကြားသွားသည်။

အမ်အင်န်အေဂျင်စီ

လက်နက်တင်ဆောင်လာသော ပင်လယ်ဓားပြစက်လှေ ဘရာဇီးရေတပ် ဖမ်းဆီး

ရီယိုဒီဂျနေးရိုး ဩဂုတ် ၁၆

ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ် ဂါရာဂျာဒေသတွင် လက်နက်များတင်ဆောင်လာသည့် စက်လှေတစ်စင်းကို ဘရာဇီးရေတပ်မှ ဖမ်းဆီးလိုက်ကြောင်း အစိုးရသတင်းဌာနမှ ဩဂုတ် ၁၆ရက်က သတင်းထုတ်ပြန်သည်။

ထွက်ပြေးလွတ်မြောက်

အဆိုပါ စက်လှေမှာ ပင်လယ်ဓားပြများပိုင် ဖြစ်ကြောင်း၊ ဘရာဇီးရေတပ်မှ စက်လှေအား ဖမ်းဆီးစဉ် လိုက်ပါလာသူငါးဦးမှာ ပင်လယ်အတွင်းသို့ ခုန်ချထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လက်နက်များ

ဖမ်းဆီးရမိသော လက်နက်များမှာ မကြာသေးမီက ဓားပြများ၏ လုယက်သတ်ဖြတ်စဉ်က အသုံးပြုခဲ့သည့် လက်နက်များနှင့်ဆင်တူကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

ဂျပန်နိုင်ငံ နာရာရှီနိုမြို့ရှိ ဟွန်ဒါမော်တော်ကား ထုတ်လုပ်သည့် ကုမ္ပဏီ၏ လုပ်ငန်းခွင်တစ်နေရာကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပိုလန်၌ အမေရိကန်ဒုံးခွင်းဒုံးစနစ်ထားရှိရေး အမေရိကန်နှင့် ပိုလန် သဘောတူညီမှုရရှိ

ဝါဆော ဩဂုတ် ၁၆

ဂျော်ဂျီယာ၌ အကျပ်အတည်းရှိနေသည့်ကြားမှပင် ပိုလန်နိုင်ငံ၏ လေကြောင်းကာကွယ်ရေးကို မြှင့်တင်ပေးရန် အမေရိကန်အစိုးရက သဘောတူပြီးနောက် ပိုလန်၌ အမေရိကန် ဒုံးခွင်းဒုံးစနစ်ထားရှိရေးကို ပိုလန်နိုင်ငံက ဩဂုတ် ၁၄ရက်တွင် သဘောတူညီလိုက်ပြီဖြစ်သည်။

တင်းမာမှု

ယင်းအနေအထားမှာ ရုရှားနှင့် အနောက်အုပ်စုအကြား တင်းမာမှုပိုမိုဖြစ်ပွားစေမည့် လက္ခဏာရှိသည်ဟုဆိုသည်။

ခြိမ်းခြောက်မှု

အမေရိကန်က အာမခံထားသည့်တိုင်အောင် အဆိုပါဒုံးခွင်းဒုံးစနစ်သည် ရုရှား၏ လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း ရုရှားက ပြောကြားသည်။

(အင်တာနက်)

အကျဉ်းသားများအား နှိပ်စက်မှု အမေရိကန်ရေတပ်သားများအား စစ်ခုံရုံးတင်

ဘဂ္ဂဒက် ဩဂုတ် ၁၆

အီရတ်အကျဉ်းသားများအား နှိပ်စက် ညှဉ်းပန်းမှုဖြင့် အမေရိကန်ရေတပ်သားခြောက်ဦးမှာ စစ်ခုံရုံးတင်ခံရကြောင်း အမေရိကန်ရေတပ်က ဩဂုတ် ၁၄ရက်တွင် ကြေညာသည်။

အဓိကရုဏ်းနှိမ်နင်း

အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းရာတွင် အချို့မှာ အလုံခန်းတွင်း၌ အဓိကရုဏ်း နှိမ်နင်းရေးတွင်အသုံးပြုသည့် ငရုတ်ကောင်းမှုန့် ထုတ်လွှတ်မှုပါဝင်သည်။

အမ်အင်န်အေဂျင်စီ

ဟန်ဂေရီမြောက်ပိုင်း၌ ရထားနှင့်ကား တိုက်မိ

ဘူဒါပက်စ် ဩဂုတ် ၁၆

ဟန်ဂေရီနိုင်ငံမြောက်ပိုင်း ဂျွန်ဂျိုးဒေသအနီး၌ ဩဂုတ်၁၄ရက် ညနေပိုင်းက ခရီးသည်တင် မီးရထားတစ်စင်းနှင့် မော်တော်ယာဉ်တစ်စီးတိုက်မိရာ မော်တော်ယာဉ်ပေါ်၌ပါရှိသူ ငါးဦးသေဆုံးကြောင်း အမ်အိုင်တီနယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။

ယင်းဖြစ်ပွားမှု၌ မော်တော်ယာဉ်သည် မီးရထားသံလမ်းကို ဖြတ်ကျော်ရန် ပြုလုပ်စဉ်အတွင်း မီတာ ၁၀၀ကျော် အရှိန်ဖြင့်ခုတ်မောင်းလာသော မီးရထားနှင့် ရုတ်တရက်တိုက်မိခြင်းဖြစ်ကြောင်း၊ လေးဦးမှာပွဲချင်းပြီး သေဆုံးခဲ့ရာ အသက်ရှင်ကျန်ရစ်သူတစ်ဦးကို အရေးပေါ်ကယ်ဆယ်ရေးရဟတ်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ကုန်တင် လေယာဉ် ပျက်ကျ

ဆို မာ လီ ယာ နိုင်ငံ မိုဂါဒစ်ရှူးမြို့ လေဆိပ်မှ ကီလိုမီတာ ၅၀ အကွာ၌ ကုန်တင် လေယာဉ်တစ်စင်း ပျက်ကျခဲ့သည် ကို ဩ ဂုတ် ၁၅ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်ကမ်းလွန်မှ သေမင်းတမန်ဇုန်

အဏ္ဏဝါသိပ္ပံ

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာများရှိ သေမင်းတမန်ဇုန်များအနက် တဖြည်းဖြည်း ဧရိယာကျယ်ပြန့်လာသောသေမင်းတမန်ဇုန်မှာ အမေရိကန်နိုင်ငံ တောင်ဘက် ကမ်းရိုးတန်းအလွန်ရှိ သေမင်းတမန်ဇုန်ပင် ဖြစ်သည်။

သေမင်းတမန်ဇုန်

အမေရိကန် အဏ္ဏဝါဗေဒ သုတေသနပညာရှင်များ၏ ကွင်းဆင်းလေ့လာ သုတေသနပြုချက်အရ အဆိုပါသေမင်းတမန်ဇုန်၏ အကျယ်အဝန်းမှာ ၁၉၆၀ ပြည့်နှစ်ကထက် လေးပုံတစ်ပုံခန့် ဧရိယာ ပိုမိုကျယ်ဝန်းလာခဲ့ကြောင်း သိရသည်။ အဆိုပါ သေမင်းတမန်ဇုန်၏ အကျယ်အဝန်းမှာ ၁၉၇၆ခုနှစ်က စတုရန်းကီလိုမီတာ ၃၈၅မိုင်ရှိခဲ့သော်လည်း ယခုအခါ စတုရန်းကီလိုမီတာ ၅၀၀ခန့်အထိ ကျယ်ဝန်းလာခဲ့ပြီဖြစ်သည်။

ကျယ်ပြန့်လာ

ထိုသေမင်းတမန်ဇုန် အကျယ်အဝန်း ဧရိယာပိုမိုကျယ်ပြန့်လာရခြင်းမှာ ပင်လယ်နှင့်သမုဒ္ဒရာရေများ၌ အောက်ဆီဂျင် ပါဝင်မှုနှုန်း နည်းပါးလာခြင်း၊ ချုကလီးယားဓာတ်ပေါင်းဖိုများမှ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများစုပြုလာခြင်းနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့် ရေနွေးစီးကြောင်းများကြောင့်ဖြစ်ကြောင်း၊ အဆိုပါ သေမင်းတမန်ဇုန်ဧရိယာအတွင်း ပင်လယ်သတ္တဝါများ သေဆုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် ၈၃၀၀၀ခန့်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

သူတို့အတွေးနှင့် အမြင်

Anger the folly walk check by jole; repentance treads on both their heels.

ဒေါသနှင့် မိုက်မဲမှုသည် အတူလက်တွဲ၍ လျှောက်ကြသည်။ နောင်တတရားက ၄င်းတို့၏ ခြေလှမ်းများအတိုင်း ထက်ကြပ်မကွာ လိုက်ကြသည်။

ဘင်ဂျမင်ဖရန်ကလင်
(အမေရိကန်လူမျိုး နိုင်ငံရေးသမားနှင့်သိပ္ပံပညာရှင်)

Custom is the best master.

ဓလေ့ထုံးစံသည် အကောင်းဆုံးဆရာပင်ဖြစ်သည်။

စစ်စီရို
(အီတလီလူမျိုး အတွေးအခေါ်ပညာရှင်)

တီယန်ကျင်းမြို့ရှိ ပင်လယ်ဆိပ်ကမ်းမြို့အား စီးပွားရေးအချက်အချာဒေသအဖြစ်ဆောင်ရွက်

တီယန်ကျင်း ဩဂုတ် ၁၆

တရုတ်နိုင်ငံ ပေကျင်းမြို့အနီးဝန်းကျင်ရှိ တီယန်ကျင်း ပင်လယ်ဆိပ်ကမ်းမြို့များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ တိုးမြှင့် ဆောင်ရွက်စေရေးတို့အတွက် ၄င်းနိုင်ငံမှ ဥပဒေပြုအကြီးအကဲက ဆော်ဩတိုက်တွန်းလိုက်သည်။

စက်မှုလုပ်ငန်း

တီယန်ကျင်းမြို့ ဘင်ဟွာဒေသ၌ စီးပွားရေးကဏ္ဍသစ်များ၊ ခရီးသွား လုပ်ငန်းများ၊ နိုင်ငံ၏သင်္ဘောတင်လုပ်ငန်းနှင့် အခြေခံစက်မှုလုပ်ငန်းများ တည်ထောင်လျက် ထူးကဲကောင်းမွန်သည့် ပင်လယ်ဆိပ်ကမ်းမြို့အဖြစ် ကြိုးပမ်းလုပ်ဆောင်သွားရန် အမျိုးသား ကော်မတီအဖွဲ့ဝင်များက သဘောတူကြသည်။

အောင်မြင်

ယခုအခါ တရုတ်နိုင်ငံ၏ပေကျင်း-တီယန်ကျင်းမြို့အကြားအမြန်မီးရထားလမ်းသစ် ဖောက်လုပ်မှုစီမံကိန်း အောင်မြင်စွာ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်တောင်ပိုင်း ဗုံးပေါက်ကွဲ နိုင်ငံစုံတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ကဘူးလ် ဩဂုတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ဝင်များ ဩဂုတ်၁၄ရက်က ခြေကျင်ကင်းလှည့်စဉ် ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်က ကြေညာသည်။

အကြမ်းဖက်မှု

အသေခံဗုံးခွဲမှု၊ လမ်းဘေးဗုံးခွဲ တိုက်ခိုက်မှုတို့ဖြင့် ပြောက်ကျား စစ်ဆင်ရေးတိုးမြှင့်ကာ တာလီဘန်သူပုန်များက အနောက်အုပ်စုလိုလားသည့် အာဖဂန်နစ္စတန် အစိုးရဖြုတ်ချရေး၊ နိုင်ငံခြားတပ်ဖွဲ့ဝင်များအား တိုက်ထုတ်ရေး ကြိုးပမ်းလာသည့်အတွက် အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်မှုများ ယခုနှစ်အတွင်း ပိုမိုများပြားလာခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဆန္ဒအမှန်...

ဟာသအမောပြေ

အမျိုးသားတစ်ဦး ရဲစခန်းသို့လာရောက်၍ အောက်ပါအတိုင်း အမှုတိုင်ကြားလေသည်-

အမျိုးသား ။ ။ ကျွန်တော့်ဇနီး ပျောက်သွားလို့ပါ။
ရဲအရာရှိ ။ ။ ဟုတ်လား…ဘယ်နေ့ကလဲ…ဘယ်လိုပုံစံလဲ။
အမျိုးသား ။ ။ အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည်၊ အသားအရေကဝင်းနေပြီး အလွန်ချောတဲ့ မိန်းကလေးပါ။ ပျောက်နေတာ တစ်ရက်ရှိပါပြီ။
ရဲအရာရှိ ။ ။ ဒါဆို…ခင်ဗျားအိမ်ကိုလိုက်ခဲ့မယ်။

ရဲအရာရှိက အဆိုပါ အမျိုးသားအိမ်သို့ ရောက်ရှိပြီး ပတ်ဝန်းကျင်မှ လူများကို မေးမြန်းစေ့ငုခဲ့ရာ…

အိမ်နီးချင်း ။ ။ သူ့ဇနီးက အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ ခေါင်းမှာဆံပင်တွေကျွတ်နေတဲ့ အမျိုးသမီးပါ။ သူပြောသလို မဟုတ်ပါဘူး။
ရဲအရာရှိ ။ ။ ဒါဆိုရင်…ခင်ဗျား ဘာဖြစ်လို့လိမ်ပြောရတာလဲ။
အမျိုးသား ။ ။ မလိမ်ပါဘူးဆရာ။ ကျွန်တော့်ဇနီးပျောက်သွားတာ အမှန်ပါ။ ဒါပေမယ့် ပြန်လာစေချင်တဲ့ အမျိုးသမီးပုံစံကိုပြောပြတာပါ။
ရဲအရာရှိ ။ ။ "ဗျာ"

အင်တာနက်ကျန်းမာရေး

ဆေးမင်ကြောင်ထိုးသူများ သွေးနှင့်ပတ်သက်သော ရောဂါများဖြစ်ပွားနိုင်

ခန္ဓာကိုယ်တွင် ဆေးမင်ကြောင်ထိုးခြင်းများသည် အရေပြားရောဂါများ ဖြစ်ပွားစေနိုင်သည့်အပြင် ကင်ဆာရောဂါလည်းဖြစ်ပွားတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဩဂုတ် ၁၅ရက်၌ သတိပေးပြောကြားလိုက်သည်။

ဆဲလ်များထိခိုက်

အနီ၊ အနက်၊ အစိမ်းနှင့် အခြားအရောင်တစ်မျိုးမျိုးဖြင့် ခြေ၊ လက်၊ ခန္ဓာကိုယ်များတွင် ဆေးမင်ကြောင်ထိုးခြင်းကြောင့် အရေပြားတွင်ရှိသော ဆဲလ်များထိခိုက်ပျက်စီးစေကြောင်း ၄င်းတို့က ပြောကြားသည်။

အရေပြားကင်ဆာ

ယခုအခါ ငယ်ရွယ်သောလူငယ်များအနေဖြင့် ဆေးမင်ကြောင်ထိုးလေ့ရှိကြရာ အရေပြားတွင်ရှိသော ဆဲလ်များအပြင် အရေပြားအောက်ရှိသွေးကြောများ ပျက်စီးမှုဖြစ်စေတတ်ကြောင်း၊ ထို့အပြင် အရေပြားကင်ဆာဖြစ်ရန် အခွင့်အလမ်းများကြောင်းလည်း အမေရိကန်သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

သွေးကလာပ်စည်းများပျက်စီး

ထို့အပြင် ဆေးမင်ကြောင် ထိုးသူများသည် သွေးနှင့်ပတ်သက်သော ရောဂါများ ဖြစ်ပွားတတ်သည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ ယင်းမှာ ဆေးမင်ကြောင်ထိုးခြင်းကြောင့် သွေးကလာပ်စည်းများ ပျက်စီးမှုဖြစ်ပွားရာမှ စတင်သည့် အချက်တစ်ချက်အဖြစ် တွေ့ရှိရကြောင်း ၄င်းတို့က သတိပေးထားသည်။ ။

ထိခိုက်စေရန် မရည်ရွယ်ခဲ့ပါသော်လည်း....

နိုင်ငံတကာ မှုခင်း

လီမာမြို့လေးသည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင်ရှိသည့် လူဦးရေ ရှစ်သိန်းကျော်နေထိုင်သည့် အတန်အသင့်စည်ကားသော မြို့လေးဖြစ်သည်။ အေးချမ်းသာယာလှပသော မြို့လေးဖြစ်သော်လည်း တစ်ခါတစ်ရံ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ရာဇဝတ်မှုခင်းများ ဖြစ်ပွားလေ့ရှိသည်။

လီမာမြို့တွင် အသက် ၃၂နှစ်ရှိ ချာဗာလီယာ **(အပေါ်ယာပုံ)** ဆိုသည့် ရဲအရာရှိတစ်ဦး တာဝန် ထမ်းဆောင်သည်။ ချာဗာလီယာသည် လီမာမြို့ ဇာတိဖြစ်ပြီး လွန်ခဲ့သော ၁၉၉၆ခုနှစ် ဘွဲ့ရကတည်းက ရဲတပ်ဖွဲ့သို့ အရာရှိအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရာ ယနေ့အထိပင်ဖြစ်သည်။

ဖြုတ်သန်းခဲ့

ချာဗာလီယာသည် အလုပ်စတင်ဝင်ရောက်ကတည်းက သူ၏ ဇာတိမြို့တွင်ပင် ကံကောင်းထောက်မစွာ တာဝန်ကျခဲ့သည်။ သူ၏လုပ်ငန်းခွင်အတွင်း လုပ်သက် ၁၁နှစ်ရသည်အထိ အဖုအထစ် ပြဿနာ တစ်စုံတစ်ရာပေါ် ပေါက်ခဲ့ခြင်းမရှိဘဲ အေးချမ်းသာယာစွာ ဖြတ်သန်းခဲ့ရသည်။ ချာဗာလီယာသည် သူဝါသနာပါရာ လုပ်ငန်းခွင်တွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားရင်း လူပျိုဘဝဖြင့်ပင် နေထိုင်ခဲ့သူဖြစ်သည်။

သူသည် အလုပ် လုပ်ကိုင်ရာတွင် စေ့စပ်သေချာသူတစ်ဦးဖြစ်သကဲ့သို့ အချိန်ကို လေးစားကာ အလုပ်ကြိုးစားပြီး တာဝန်ကျေပွန်သူ တစ်ဦးလည်း ဖြစ်သည်။

ရင်ဆိုင်ကြုံတွေ့

ထိုသို့ စေ့စပ်သေချာသော ချာဗာလီယာသည်ပင် လုပ်သက် ၁၂နှစ်ရရှိသည့် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက်တွင် မမျှော်လင့်၊ မထင်မှတ်သောဖြစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး သောကနှင့် စစ်ခင်းခဲ့ရသည်။

ထိုနေ့ ညဥ့်နက်ပိုင်းက ချာဗာလီယာသည် သူနေထိုင်ရာ လီမာမြို့ ဆင်ခြေဖုံးဒေသ ရပ်ကွက်တစ်ခုအတွင်းရှိ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သူများကို စီးနင်းဝင်ရောက် ဖမ်းဆီးမှု ပြုလုပ်ခဲ့သည်။ သူသည် အန္တရာယ်စက်ကွင်း နယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ရသဖြင့် အန္တရာယ်ကို သတိထားနေခဲ့သည်။ ထိုအချိန်တွင် ၄င်း၏ရှေ့ အမှောင်အတွင်းမှ လှုပ်ရှားသံကြောင့် သူ၏နားထဲတွင် သူ့အား သေနတ်ဖြင့် ထိုးချိန်သံကဲ့သို့ ကြားရသဖြင့် လှုပ်ရှားသံကြားသည့် နေရာသို့ သေနတ်ဖြင့် သုံးချက်ဆင့် ပစ်ခဲ့သည်။ သူ၏ ပစ်ခတ်မှုကြောင့် အမှောင်တွင်းမှ လူမှာ သေနတ်ကျည်ဆန်ထိပြီး လဲပြိုကျသွားသံကို ကြားလိုက်ရပြီး သူ့အား ပြန်လည်တုံ့ပြန်ပစ်ခတ်မှုကို မတွေ့ရှိရပေ။ ထို့ကြောင့် ချာဗာလီယာသည် သူ့တွင်ပါလာသော ဓာတ်မီးဖြင့် အမှောင်တွင်း လဲကျသွားသူအား ထိုးကြည့်ရာ အမျိုးသမီးတစ်ဦးက ကလေးငယ်တစ်ဦးအား ရင်ခွင်ထဲတွင် ပွေ့ပိုက်၍ သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။

သေဆုံး

ချာဗာလီယာ၏ မတော်တဆ ပစ်ခတ်မိမှုကြောင့် အသက်၂၆နှစ်အရွယ်ရှိ တာရီကာဝီလ်ဆင်ဆိုသည့် အမျိုးသမီးသည် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။ တာရီကာသည် ကလေးခြောက်ယောက်၏ မိခင်ဖြစ်သည်။ သူမ၏ ရင်ခွင်အတွင်း ပိုက်ထားသော တစ်နှစ်အရွယ်ရှိ သားငယ်မှာ ပခုံးနှင့်လက်တို့တွင် ထိခိုက်ဒဏ်ရာရခဲ့ပြီး လက်ချောင်းလေးများ ဖြတ်ပစ်ခဲ့ရသည်။ တာရီကာ၏ ခင်ပွန်းဖြစ်သူမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ချာဗာလီယာသည် သူဝါသနာပါရာ လုပ်ငန်းခွင်တွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားရင်း လူပျိုဘဝဖြင့်ပင် နေထိုင်ခဲ့သူဖြစ်။

သူသည် အလုပ်လုပ်ကိုင်ရာတွင် စေ့စပ်သေချာသူ တစ်ဦးဖြစ်သကဲ့သို့ အချိန်ကို လေးစားကာ အလုပ်ကြိုးစားပြီး တာဝန်ကျေပွန်သူ တစ်ဦးလည်းဖြစ်။

အမှုရင်ဆိုင်

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး သေဆုံးသူ၏ မိဘဆွေမျိုး အသိုင်းအဝိုင်းများ၏ တိုင်ကြားမှုကြောင့် ချာဗာလီယာသည် အမှုမဲ့အမှတ်မဲ့ ပစ်ခတ်သတ်ဖြတ်မှုနှင့် သဲကြီးမဲကြီး ပစ်ခတ်တိုက်ခိုက်မှုဟူသော စွဲချက်ဖြင့် တရားစွဲဆိုခံရပြီး တရားရုံးတွင် အမှုရင်ဆိုင်ခဲ့ရသည်။

ထိုအမှုဖြင့် အမှုစစ်ဆေး စီရင်စဉ်အတွင်း ရှစ်လတာမျှ ထောင်တွင်း၌ နေထိုင်ခဲ့ရသည်။ တာရီကာဝီလ်ဆင်၏ခင်ပွန်း အန်သိုနီတယ်ရီကို မတ်လအတွင်းက ဖမ်းမိခဲ့ပြီး မူးယစ်ဆေးဝါး ရောင်းဝယ်မှုဖြင့် တရားစွဲဆိုခဲ့သည်။

မတော်တဆ

မတော်တဆ ဖြစ်ရပ်ကြောင့် ချာဗာလီယာ ပြဿနာဖြစ်ပွားခဲ့သည့် ရှစ်လ

တင်းတင်း ပြည့်မြောက်သည့် ယခုနှစ် ဩဂုတ်၄ရက်တွင်မှ တရားရုံးက ချာဗာလီယာသည် တမင်ရည်ရွယ် ပစ်ခတ်ခဲ့ခြင်းမဟုတ်ဘဲ မတော်တဆ ဖြစ်ရပ်ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သောကြောင့် အပြစ်မရှိဟုဆုံးဖြတ်ကာ အမှုမှကွင်းလုံးကျွတ် တရားသေလွှတ်ပေးခဲ့သည်။

စိတ်ထိခိုက်

ချာဗာလီယာသည် မမျှော်လင့်သော မတော်တဆ ဖြစ်ရပ်ကြောင့် ထောင်ဒဏ်ကျခံရမည့်ဘေးမှ ကံကောင်းထောက်မစွာ သီသီလေး လွတ်မြောက်ခဲ့သည်။ ယင်းအမှု စီရင်ချက်ချပြီးနောက် သေဆုံးသူ တာရီကာ၏ အစ်ကိုဖြစ်သူ အိုင်ဗိုရီအော်စတင်က သူ၏ညီမ သေဆုံးခဲ့ရသည့်အတွက် နက်နက်ရှိုင်းရှိုင်း စိတ်ထိခိုက်ခံစားခဲ့ရကြောင်း၊ စီရင်ချက်ကို ကြားရသည့်အခါတွင် အံ့သြမှုမဖြစ်မိခဲ့ကြောင်း၊ ချာဗာလီယာသည် သူ့ဘဝသူ ပြန်လည်တည်ဆောက်ခွင့်ရခဲ့သော်လည်း မိမိ၏ညီမ တာရီကာ၏ဘဝမှာမူ ချာဗာလီယာကြောင့် အဆုံးသတ်ခဲ့ရပြီဖြစ်ကြောင်း ဝမ်းနည်းကြေကွဲ ဆို့နင့်စွာ ပြောကြားခဲ့သည်။

ယခုဖြစ်ရပ်တွင် ရဲအရာရှိ ချာဗာလီယာသည် တာရီကာဝီလ်ဆင်၏ ဘဝကို ထိခိုက်စေရန် မရည်ရွယ်ခဲ့ပါသော်လည်း ကံကြမ္မာမုန်တိုင်း ထန်ခဲ့သော မတော်တဆ ဖြစ်ရပ်ကြောင့် တာရီကာဝီလ်ဆင်၏ ဘဝပျက်ကြေပြုန်းခဲ့ရသော ရင်နင့်ဖွယ်ရာ အဖြစ်သနစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ဧရာဝတီတိုင်း နှစ်ရှည်ပင် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရော်ဘာသည် ဝယ်လိုအားမြင့်မားသော စက်မှုကုန်ကြမ်းသီးနှံဖြစ် နိုင်ငံတော်နှင့် စိုက်ပျိုးလုပ်ကိုင်သူများ အကျိုးစီးပွားအတွက် ရည်မှန်းချက်ပြည့်မြောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆

ဧရာဝတီတိုင်း နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၁နာရီက ပုသိမ်မြို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြိုးစားဆောင်ရွက်

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဧရာဝတီတိုင်း၌ သုံးနှစ်အတွင်း ရော်ဘာဧကတစ်သိန်းနှင့် ခြံစည်းရိုးကြက်ဆူ ဧကငါးသိန်း စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်ခဲ့ကြောင်း၊ ရော်ဘာသည် ဝယ်လိုအားမြင့်မားသော စက်မှုကုန်ကြမ်းသီးနှံဖြစ်ကာ နိုင်ငံတော်နှင့် စိုက်ပျိုးလုပ်ကိုင်သူများ၏ အကျိုးစီးပွားအတွက် ရည်မှန်းချက် ပြည့်မြောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်တိုင်းနှစ်ရှည်ပင်စိုက်ပျိုးရေးကော်မတီဝင်များဖြစ်ကြသော တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရ တင်လှက နှစ်အလိုက် ရော်ဘာ လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှု၊ လုပ်ငန်းရှင်များ မြေရယူမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေကို လည်းကောင်း၊ တိုင်းမြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအောင်ကြည်ဦးက နှစ်အလိုက် ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူ လျာထားစိုက်ပျိုးပြီးစီးမှု၊ နှစ်အလိုက် စိုက်ပျိုးနိုင်မှု နှိုင်းယှဉ်ချက် အခြေအနေကို လည်းကောင်း၊ တိုင်းသစ်တော ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြစန်းက နှစ်ရှည်ပင်စိုက်ပျိုးမှုတွင် သစ်တောမြေ ဧရိယာပါဝင်မှုနှင့် ခွင့်ပြုမြေအခြေအနေကို လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးကြည်စိုးက နှစ်ရှည်ပင် စိုက်ပျိုးမှုတွင် မြေယာပြုပြင်မှုနှင့် မျိုးစု ဆောင်းရန်လိုအပ်မှု၊ နှစ်ရှည်ပင်လုပ်ငန်းမှ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးမှု၊ မြေအမျိုးအစားအလိုက် သင့်လျော်သော စိုက်ပျိုးနည်းစနစ် အသုံးပြုရန် လိုအပ်မှု အခြေအနေကို လည်းကောင်း ရှင်းလင်း တင်ပြကာ တက်ရောက်လာသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

နည်းလမ်းရှာကြံ

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေက နှစ်ရှည်ပင်များ လျာထားဧက ပြည့်မီရေးအတွက် နည်းလမ်းများရှာကြံကာ ပြည့်ဝကျော်လွန်သည်အထိ စိုက်ပျိုးသွားရန် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားကြောင်း သိရသည်။

(သတင်းစဉ်)

အလှူငွေ လှူဒါန်း

တိုက်အမှတ် ၁၉/၈ ဝေဇ္ဇုဝန်(မြောက်)ဗဟိုလမ်း စမ်းချောင်းမြို့နယ်နေ ဗိုလ်ကြီးအေးသန့်(ငြိမ်း)-ဒေါ်မြမြထွန်း (ကျောင်းဆရာမ-ငြိမ်း)မိသားစုက ဗိုလ်ကြီးအေးသန့် (ငြိမ်း) အသက်၈၀ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးတို့အတွက် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် သင်ကြားစီမံဆရာတော်များအား ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနမိသားစု တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် သင်တန်းသား ရဟန်းတော် ၃၁၈ပါးတို့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ် ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ အဘိဓမ္မာပိဋကတ် မဟာဌာနပါမောက္ခချုပ် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓောတိကထံမှ ငါးပါးသီလခံယူကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တစ်နေ့တာ ဆွမ်းအလှူငွေ ကျပ်လေးသိန်းကို ဒုတိယဝန်ကြီးက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဝင်းက လက်ခံပြီးနောက် ဆရာတော်၊ သံဃာတော်များထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟင်္သာတခရိုင် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ခရိုင်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

၂၀၀၈-၂၀၀၉ခုနှစ် ဟင်္သာတခရိုင် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ခရိုင်အဆင့် ခြောက်မြို့နယ် ကောက်စိုက် စွမ်းရည်ပြိုင်ပွဲကို ဇူလိုင်၂၉ရက် နံနက် ၉နာရီက ဟင်္သာတမြို့ ကုန်ကြီးကျေးရွာ အုပ်စု တံခွန်တိုင်မျိုးပွားခြံ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကြည်တင်က အမှာစကား ပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးဝင်းမြင့်က ကောက်စိုက် စွမ်းရည်ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက်ပြိုင်ပွဲတွင်ပထမဆုရရှိသော ဇလွန်မြို့နယ် ကောက်စိုက်လုံမေအဖွဲ့အား ဆုဖလားနှင့် ငွေကျပ် ၁၅၀၀၀၀ကို ခရိုင် ဥက္ကဋ္ဌ ဦးကြည်တင်က လည်းကောင်း၊ ဒုတိယဆု ရရှိသည့် ဟင်္သာတမြို့နယ် ကောက်စိုက်လုံမေ အဖွဲ့အား ဒုတိယ ရဲမှူးကြီးမြင့်ဆွေက ဆုဖလားနှင့် ငွေကျပ် ၁၂၀၀၀၀ကိုလည်းကောင်း၊ တတိယဆုရရှိသည့် လေးမျက်နှာမြို့နယ် ကောက်စိုက်လုံမေအဖွဲ့အား ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းမြင့်က ဆုဖလားနှင့် ငွေကျပ် ၁၀၀၀၀၀ကိုလည်းကောင်း၊ အင်္ဂပူ၊ ကြံခင်း၊ မြန်အောင်မြို့နယ် ကောက်စိုက်လုံမေ အဖွဲ့များအား ပြိုင်ပွဲဝင်ဆုများကို ခရိုင်ဂုန်လျှော် မန်နေဂျာ ဦးရဲမြင့်၊ ခရိုင် မြေစာရင်း ဦးစီးမှူး ဦးသိန်းဦးနှင့် တာဝန်ရှိသူများက ငွေကျပ်၅၀၀၀၀စီ ချီးမြှင့်ကြသည်။

စိုက်ပျိုးပြီး

ဟင်္သာတခရိုင်၌ မိုးစပါးရေတော် မိုးတော် ၄၃၀၃၂၆ဧကရှိရာ ထွန်တုံးပိတ် အပြီးသတ် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပညာရေးပဒေသာပင်ပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ဇေယျဝတီ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ပညာရေးပဒေသာပင် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပညာရေးပဒေသာပင်

ထို့နောက် ဇေယျဝတီအခြေခံပညာအထက်တန်းကျောင်းအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလှူဒါန်းသော ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၅၀ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သန်းက လက်ခံသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖြူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပညာရေးပဒေသာပင်ပေးအပ်ပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများအား အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ဖြူးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက်ပညာရေး ပဒေသာပင် ငွေကျပ်သိန်း၁၀၀ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပေးအပ်ရာ ပညာရေးမြှင့်တင်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အမှာစကားပြောကြား

ယင်းမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဖြူးမြို့နယ် ညောင်ပင်သာအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ပညာရေးပဒေသာပင် ပေးအပ်ပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများအား အမှာ

စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ဖြူးမြို့နယ် ညောင်ပင်သာ အခြေခံပညာအထက်တန်းကျောင်းအတွက် ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၅၀ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ပေးအပ်ရာ ပညာရေးမြှင့်တင်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မိုးကလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖြူးမြို့နယ် ကညွတ်ကွင်း အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပညာရေးပဒေသာပင် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံလူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် ကညွတ်ကွင်းအခြေခံပညာအထက်တန်းကျောင်းအတွက် ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၃၀၀ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ပေးအပ်ရာ **(အပေါ်ပုံ)** ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးအောင်မြင့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းနှင့် မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ စီစဉ်ဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး၊ အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၉နာရီက မရမ်းကုန်းမြို့နယ် အထက(၁)ကျောင်း စန္ဒီမာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်ဇော် **(အောက်ပုံ)**(မရမ်းကုန်း)က အမှာစကား ပြောကြားပြီး စာရေးဆရာ မောင်ကျေးဇူးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်း၊ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ မြောက်ဥက္ကလာပမြို့နယ် တာဝန်ခံ မူးယစ်ကြီးကြပ်ရေးမှူး ဒေါ်သက်သက်မာတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ရုပ်ရှင် အခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဟောပြောဆွေးနွေးကြပြီး အထက(၁) ကျောင်း၏ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ (လူမှုဝန်ထမ်း)

လပွတ္တာမြို့နယ် ညောင်လိန်ကျေးရွာ မိုးစပါးစုပေါင်းထွန်ယက် ကောက်စိုက်ပွဲ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဩဂုတ် ၁၀ရက်က ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ညောင်လိန်ကျေးရွာရှိ တောင်သူ ဦးဟန်မြင့်၏ လယ်မြေငါးဧက၌ ကျင်းပသည့် မိုးစပါး စုပေါင်းထွန်ယက်ကောက်စိုက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။(အပေါ်ပုံ)

အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် လက်တွန်းထွန်စက်များဖြင့် မြေပြုပြင်မှု၊ ကောက်စိုက်နေမှုနှင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက ခင်းကျင်းပြသထားသည့် မြေဩဇာများ စပါးမျိုးကောင်း မျိုးသန့်များနှင့် ဆားငန်ရေဝင်ရောက်သော လယ်မြေများအား စိုက်ပျိုးမြေအဖြစ် ပြန်လည်ပြုပြင်နိုင်သည့် နည်းလမ်းများနှင့် ပြကွက်တို့ကိုကြည့်ရှုပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးကိစ္စများကို မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် လပွတ္တာလုပ် (တောင်) ကျေးရွာရှိ ရှင်စောမြတ်စေတီအား ဖူးမြော်ကြည်ညိုကာ စေတီတော် ဘက်စုံ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာတေဇနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးက လပွတ္တာလုပ်(တောင်) ကျေးရွာမှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများနှင့် ပညာသင်စရိတ်များကို ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် ညပိုင်းတွင် မြောင်းမြခရိုင်နှင့်လပွတ္တာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များနှင့်အတူ လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ဆည်မြောင်း ဦးစီးဌာနမှ လပွတ္တာမြို့ပေါ်ရှိ လေဘေးသင့်သူများအား လှူဒါန်းမည့် အဝတ်အထည်၊ စောင်၊ ဒန်အိုးဒန်ခွက် အရေအတွက် သုံးသောင်းကျော်နှင့် ဆန်အိတ် ၃၀၀တို့ကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် လပွတ္တာမြို့ ဘုရင့်နောင် ခန်းမ၌ တိုင်း၊ခရိုင်၊မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီများနှင့် တွေ့ဆုံ၍ လေဘေးသင့် ကျေးရွာများအလိုက် မိုးစပါးထွန်ယက် စိုက်ပျိုးနိုင်မှု လုပ်ငန်းများကို ဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

အချိန်မီစိုက်ပျိုး

ဧရာဝတီတိုင်းအနေဖြင့်၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးစပါးဧက ၃၆၉၂၈၃၀ စိုက်ပျိုးမည်ဖြစ်ရာ ယခုအခါ ၃၃၅၈၅၆၈ဧက စိုက်ပျိုးပြီး ဖြစ်သည်။ လပွတ္တာမြို့နယ်တွင် မိုးစပါးဧက ၃၆၅၀၀၀စိုက်ပျိုးရန်လျာထား ဆောင်ရွက်လျက်ရှိရာ ကျန်ရှိသည့်ဧက ၉၅၀၀၀ကျော်ကို ဆက်လက်စိုက်ပျိုးလျက်ရှိသည်။ လပွတ္တာမြို့နယ်တွင် မိုးစပါး အချိန်မီ စိုက်ပျိုးပြီးစီးနိုင်ရေးအတွက် မြေပြုပြင်မှုလုပ်ငန်းတွင် လက်ရှိရောက်ရှိပြီး ထွန်စက်များအပြင် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့်လည်း ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် ကိုးမြို့နယ်မှ လက်တွန်းထွန်စက် အစီး၉၁၀ဖြင့် ထွန်ယက်ပေးလျက်ရှိသည့်အပြင် လက်ဝယ်တွင်လည်း မျိုးစပါးများ အသင့်ရှိပြီးဖြစ်၍ အချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနေဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း ယောဂီများစိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရေးအတွက် စုပေါင်းဆောင်ရွက် ဆောက်လုပ်လျက်ရှိသော လေးထပ်ဘောဇနကျောင်းဆောင်ကြီးအတွက် ရေဦးဆရာတော် ဦးနန္ဒသိရီ ရန်အောင်ကျောင်းတိုက် မြောက်ဥက္ကလာပက ငွေကျပ် တစ်သိန်း၊ (ဒေါ်တင်တင်)၊သား ဦးဖိုးသာမိသားစု မကွေးတိုင်းက ငွေကျပ် တစ်သိန်း၊ အဘွား ဒေါ်သန်းကြည်၊ အမိ ဒေါ်တင်ဝင်း၊ သမီး မအေးအေးသက်နှင့် မောင်နှမများ ဘီတွတ်ကျေးရွာ လပွတ္တာမြို့နယ်က ငွေကျပ်ငါးသိန်း၊ ဒေါက်တာ မျိုးသော်-ဒေါက်တာ သင်းသင်း မိသားစု ရန်ကုန်မြို့က ငွေကျပ်တစ်သိန်း၊ ဦးအောင်မြင့် အသက်(၅၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ကမာရွတ်က ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ကိုအားဖန်-မအားမေ၊ သား အောင်မင်းသူ၊ ထွန်းလင်းသူ၊ ရဲရင့်သူမိသားစု ပုလဲကွန်ဒို ဗဟန်းက ငွေကျပ် နှစ်သိန်း၊ ဦးတင့်ဆွေ(ဦးစီးအရာရှိ)၊ ဒေါ်ခင်လှလှမွန် ပုသိမ်မြို့က ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်မြ မိသားစု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်က ငွေကျပ် တစ်သိန်း၊ ဒေါ်ခင်သန်းမိသားစု ကြည့်မြင်တိုင်က ငွေကျပ်နှစ်သိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၀၁-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နောင်ချိုမြို့ ဂျီအီးစီ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ စည်းဝေး

နောင်ချို ဩဂုတ် ၁၆

နောင်ချိုမြို့နယ် ဂျီအီးစီ(ပညာရေး) ဝန်ထမ်းများသမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပညာရေး ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၃၁ရက်က အလက(၃)ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်က အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးခင်မောင်နှင့် ဌာနဆိုင်ရာများ အသင်းသူအသင်းသား၆၂ဦး တက်ရောက်ကြပြီး ပဉ္စမတန်းမှ အခြေခံပညာအထက်တန်းအထိ ကျောင်းသားတစ်ဦးလျှင် ငွေကျပ်၃၀၀၀နှုန်းဖြင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် သ/မ)**

ဂန့်ဂေါမြို့ မြို့ပတ်လမ်း တံတားပြုပြင်

ဂန့်ဂေါ ဩဂုတ် ၁၅

ဂန့်ဂေါမြို့ မြို့ပတ်လမ်းပေါ်ရှိ တံတားများပြုပြင်နေခြင်းကို ဩဂုတ် ၆ရက်က အမှုဆောင်အရာရှိ ဦးသန်းနိုင်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းဝင်းက ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိက စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကွမ်းခြံကုန်း ဆူးကလပ်နှင့်ထင်းပုံဆိပ်ကျေးရွာ တည်ဆောက်ရေးလုပ်ငန်းများ စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ်၁၁ရက် နံနက်ပိုင်းက မလေးရှားနိုင်ငံ Petronas Carigali ကုမ္ပဏီမှ အလှူရှင်များနှင့်အတူ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာသို့ရောက်ရှိ၍ ဆူးကလပ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက နိုင်ငံတော်က သတ်မှတ်ပေးထားသော မုန်တိုင်းဒဏ်ကာ အဆောက်အအုံ(Cyclone Shelter)အဖြစ်ပါ ထည့်သွင်းတည်ဆောက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။**(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးသည် အလှူရှင်အဖွဲ့နှင့်အတူ ထင်းပုံဆိပ်ကျေးရွာသို့ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံကာ ဝန်ကြီးက အလှူရှင်Petronas Carigaliကုမ္ပဏီမှ လူနေအိမ်များ ဆောက်လုပ်ပေးသွားမည့် အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် မီးပေးစနစ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့် အလှူရှင်များအား တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကွမ်းခြံကုန်းမြို့ မင်းပိုင်းရပ်ကွက်၌ Asia World ကုမ္ပဏီက ဆောက်လုပ်လျက်ရှိသည့် အခြေခံပညာ မူလတန်းကျောင်းတည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ခရိုင်လေးခရိုင်ရှိ ဆေးရုံနှင့်ဘုရားများသို့ Wheel Chair များ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်သည့်Wheel Chairများ လှူဒါန်းခြင်းနှင့် အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ယမန်နေ့နံနက်၉နာရီက တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း အင်အား ၁၅၀ခန့် တက်ရောက်ကြသည်။

ဆွေးနွေးဟောပြော

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး ခရိုင်လေးခရိုင်အတွင်းရှိ ဖိတ်ကြားထားသော ဆေးရုံများနှင့် ဘုရားများသို့ Wheel Chairများ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)** ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင်က အဝလွန်ရောဂါနှင့် ဆက်စပ်နေသော ရောဂါများအကြောင်း ဆွေးနွေးဟောပြောပြီး နာယက ဒေါ်ကြင်မြိုင်က ဒေါက်တာဒေါ်လေးခိုင်အား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

ရွေးချယ်

အိုင်တီနည်းပညာရပ်ကို စိတ်ဝင်စားသည့်လူငယ်များ ခန်းလုံးပြည့် လာရောက်လေ့လာကြသည်ကိုတွေ့ရသည်။ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ

"မှန်ကန်တဲ့ လမ်းကြောင်း ရွေးချယ်မှုကို သိရှိချင်လို့ပါ"
မောင်ငြိမ်းကျော်သူ

ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးခွန်ဦးက "မြန်မာနိုင်ငံမှာ လူငယ်တွေအနေနဲ့ အိုင်တီနည်းပညာရပ်တွေကို လေ့လာဆည်းပူးလိုတဲ့သူတွေများကြောင်း၊ လူငယ်တွေဟာ အိုင်တီနည်းပညာရပ်နဲ့ပတ်သက်ပြီး တကယ်ကျွမ်းကျင်တဲ့ အဖွဲ့အစည်းတွေ၊ သင်တန်းတွေကို တက်ရောက်ပြီး မှန်ကန်တဲ့လမ်းကြောင်းကို ရွေးချယ်သင့်ကြောင်း၊ မြန်မာ့ဈေးကွက်တွင် ဆော့ဖ်ဝဲအင်ဂျင်နီယာတွေ အများကြီး လိုအပ်ကြောင်း၊ လူငယ်တွေအတွက် အိုင်တီနဲ့ပတ်သက်တဲ့နေရာတွေ အသင့်ရှိကြောင်း၊ ကြိုးစားကြဖို့ပဲလိုအပ်ကြောင်း"အဖွင့်အမှာစကား ပြောကြားသွားသည်။

ကျယ်ပြန့်

ထို့နောက် Cambridge ICT (Malaysia) မှ Business Operation Director Ms.Olivia Tam က ICT Careers နှင့် Knowledge Economy ခေါင်းစဉ်ဖြင့်ဆွေးနွေးရာ နိုင်ငံတကာဈေးကွက်၌ အိုင်တီ နည်းပညာရပ်များ ကျယ်ပြန့်လာပုံနှင့် အိုင်တီစီးပွားရေးလုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများ၊ သိမှတ်ဖွယ်ရာများကို ဆွေးနွေးသွားသည်။

ရှင်းပြ

ထို့အပြင် Cambridge ICT Malaysia မှ Business Operation Director Ms. Shereem Khan က Cambridge ICT နှင့် ပတ်သက်သည့် သိသင့်သိထိုက်သော အချက်များကိုရှင်းပြသည်။

ဖြေကြား

တစ်ဖန် MIT မှ အုပ်ချုပ်မှုမန်နေဂျာတစ်ဦးဖြစ်သူ ဦးနေလင်းသန်းကလည်း CICT Diploma in Business IT နှင့် ပတ်သက်သည့် သိသင့်သိထိုက်သည်များကိုရှင်းလင်းဆွေးနွေးသွားသည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသည့် လူငယ်များ၏ မေးခွန်းများကိုလည်း တာဝန်ရှိသူများက စိတ်ပါလက်ပါ ဖြေကြားပေးခဲ့သည်။

အကျိုးရှိ

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်သူ လူငယ်တစ်ဦးဖြစ်သည့် မောင်ငြိမ်းကျော်သူကို မေးမြန်းရာ "ကျွန်တော်က MPEC ရဲ့ Business IT ဒီပလိုမာ တက်ရောက်နေသူတစ်ဦးပါ။ ကျွန်တော်က အိုင်တီကို စိတ်ဝင်စားတယ်။ နိုင်ငံတကာမှာ ပညာဆည်းပူးချင်တယ်။ အဲဒီအခွင့်အရေးတွေ၊ မှန်ကန်တဲ့လမ်းကြောင်းတွေ သိရှိနိုင်ဖို့ ဒီဆွေးနွေးပွဲ လာတက်တာပါ။ ဒီဆွေးနွေးပွဲက အလွန်အကျိုးရှိတဲ့ဆွေးနွေးပွဲဖြစ်ပါတယ်။ကျွန်တော်သိချင်တာတွေ သိခွင့်ရပါတယ်"ဟု ပြောကြားသွားသည်။

အရှိန်အဟုန်

ဆက်လက်ပြီး ဆွေးနွေးပွဲ တက်ရောက်လာသူ တစ်ဦးဖြစ်သည့် ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာနောက်ဆုံးနှစ်မှ ကျောင်းသူတစ်ဦးဖြစ်သော မဝင်းမင်းသန်းက "အိုင်တီနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲကို ပထမဆုံးတက်ဖြစ်တာပါ။ ကွန်ပျူတာနဲ့ ပတ်သက်ပြီး ဘယ်လို သင်တန်းတွေ တက်ရင်ကောင်းမလဲ ဆိုတာလည်း သိချင်လို့ပါ။ ကွန်ပျူတာနဲ့သက်ဆိုင်တဲ့ ပညာတွေ သိရှိကျွမ်းကျင်ထားရင် ဒီလိုအရှိန်အဟုန်နဲ့ ပြောင်းလဲနေတဲ့ အိုင်တီခေတ်မှာ ကိုယ်က အသင့် ဖြစ်နေအောင်လို့ပါ"ဟု ဖြေကြားသွားသည်။

"ဒီနေ့ အိုင်တီခေတ်မှာ အသင့်ဖြစ်နေအောင်လို့ပါ"
မဝင်းမင်းသန်း

လေ့လာဆည်းပူး

ထို့ကြောင့် ယခုပြုလုပ်သော ဆွေးနွေးပွဲသည်လူငယ်များအတွက် အိုင်တီ ဒီပလိုမာများ ရွေးချယ်လေ့လာဆည်းပူးနိုင်စေရန်အတွက် ရှင်းလင်းစွာသိစေနိုင်သောဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့လင်း)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် ဩဂုတ် ၁၆

ဩဂုတ် ၁၅ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကိုလေ့လာကြည့်ပါလျှင် အမေရိကန်နိုင်ငံ မီယာမီနှင့် ဘရီးဝပ်ဒ်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်၍ နေအိမ်အချို့ပျက်စီးခြင်း၊ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ရစ်ချ်တာစကေး၅ဒသမ၇အင်အားရှိ ငလျင်လှုပ်သွား၍ နေအိမ်အချို့ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ဩဂုတ်၁၆ရက်က မြန်မာနိုင်ငံ၏ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာသွန်းခဲ့ပြီး ကယားပြည်နယ်၌ နေရာကွက်ကျားမိုးရွာသွန်းခဲ့သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

မိုးရွာသွန်းနိုင်

ဩဂုတ်၁၇ရက် **(ယနေ့)** ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာသွန်းနိုင်ပြီး ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းနိုင်သည်။ ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာသွန်းနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ်၁၇ရက်**(ယနေ့)** နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ဩဂုတ်၁၆ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ခန္တီး	၆ ဒသမ ၈၉ လက်မ
ကျောက်ဖြူ	၂ ဒသမ ၈၃ လက်မ
ကျောက်တော်	၂ ဒသမ ၁၇ လက်မ
ဘီးလင်း	၁ ဒသမ ၈၁ လက်မ
မောင်တော	၁ ဒသမ ၇၈ လက်မ
ဟုမ္မလင်း	၁ ဒသမ ၇၃ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၁ ဒသမ ၆၁ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ကကြီးမှူး၍ အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန်ကကျင်းပမည့် 'World Crises-Energy, Food and Water' (ကမ္ဘာ့အခက်အခဲပြဿနာများ …စွမ်းအင်၊ အစားအစာနှင့်ရေ) ဟောပြောပွဲကို ဩဂုတ်၂၃ရက်(စနေနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)တွင် ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် ပါမောက္ခဌာနမှူး ဒေါက်တာကြည်ကြည်သင်း၊ ပါမောက္ခဒေါက်တာ ဝါဝင်းထိုက်နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာကြူကြူဝင်းတို့က ဟောပြောကြမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် ဆေးတက္ကသိုလ်(၁) လမ်းမတော် အဏုဇီဝဗေဒဌာနတွင် နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း သို့မဟုတ် ဟောပြောမည့်နေ့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ) သိမ်ဖြူလမ်း၌ မှတ်ပုံတင်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ဗြိတိန်အရှေ့တောင်ပိုင်း၌ရေလွှမ်း နေအိမ်များရေနစ်မြုပ်ပြီး သွားလာရေးပြတ်တောက်

လန်ဒန် ဩဂုတ် ၁၆

ဗြိတိန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် ဩဂုတ် ၁၆ရက် နံနက်က မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ကြောင်း ဗြိတိသျှအမျိုးသား သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ရွာသွန်းနေဆဲ

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဗြိတိန်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းရိုးတန်းဒေသများတွင် ရေလွှမ်းမှုများဖြစ်ပွားရာ ကားလမ်းများ ရေနစ်မြုပ်ပြီး သွားလာရေးပြတ်တောက်လျက်ရှိသည်။ **(အောက်ပုံ)** ထို့အတူ နေအိမ်များလည်း ရေနစ်မြုပ်လျက်ရှိကြောင်း၊ မိုးမှာ ဆက်လက်ရွာသွန်းနေဆဲဖြစ်ကြောင်း သိရသည်။



ပိုလန်တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ် လေးဦးသေဆုံး၊ နေအိမ် ၁၀၀ကျော်ပျက်စီး

ဝါဆော ဩဂုတ် ၁၆

ပိုလန်နိုင်ငံတောင်ပိုင်းတွင် ဩဂုတ်၁၆ရက် နံနက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ လေးဦးသေဆုံးပြီး နေအိမ်များ ပြိုလဲပျက်စီးခဲ့ကြောင်း(အပေါ်ပုံ) ပိုလန်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

မုန်တိုင်းမှာ တစ်နာရီမိုင် ၇၀နှုန်း တိုက်ခတ်ခဲ့သဖြင့် စီလီဆင်နှင့် အော်ပိုလ်စကီပြည်နယ်တို့တွင် သစ်ပင်ရာပေါင်းများစွာပြိုလဲခဲ့ပြီး နေအိမ် ၁၀၀ကျော် ပျက်စီးခဲ့ကြောင်း၊ ဓာတ်တိုင်များပြိုလဲကာ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

တင်ပို့ကုသ

မုန်တိုင်းဒဏ်ခံရသည့် ဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များ အမြန်သွားရောက်ကာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ တင်ပို့ကုသလျက်ရှိသည်။

သီရိလင်္ကာအရှေ့ပိုင်း၌ မြေပြိုမှုဖြစ်ပွား လေးဦးသေဆုံး နေအိမ်အချို့ပျက်စီး

ကိုလံဘို ဩဂုတ် ၁၆

သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်း ကိုလံဘိုမြို့အနောက်ဘက် ကျေးရွာတစ်ရွာတွင် ဩဂုတ် ၁၆ရက် နံနက် ၅နာရီခန့်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း သီရိလင်္ကာရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ကာဒတ်ကျေးရွာတွင် လူများအိပ်မောကျနေချိန်၌ ရုတ်တရက် မြေပြိုကျခြင်းဖြစ်ရာ မိသားစုဝင်လေးဦး သေဆုံးခဲ့ပြီး နေအိမ်အချို့ပျက်စီးခဲ့ခြင်းဖြစ်သည်။ မြေပြိုမှုမှာ လွန်ခဲ့သည့် ရက်အနည်းငယ်က မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၇-၈-၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၇း၅၀ ၅။ တေးဂီတအစီအစဉ်
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ သံသာချိုအေး မင်္ဂလာတေး
၈း၂၀ ၈။ မြန်မာစာ မြန်မာစကား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **ဧဒင်ရဲ့ သစ်သီး** ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-မောင်နန္ဒ)
၁၃း၅၅ ၆။ တေးဂီတအစီအစဉ်
၁၄း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက အတီးပြိုင်ပွဲ
၁၄း၃၅ ၉။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၁၄း၄၅ ၁၀။ International News
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၀ ၅။ တေးဂီတအစီအစဉ်
၄း၅၅ ၆။ ဧရာဝတီအလှတစ်ပါး ရတနာပုံတံတား
၅း၁၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။တေးဂီတအစီအစဉ်
၆း၄၅ ၁၁။ အကပြိုင်ပွဲ
၆း၅၅ ၁၂။ တေးဂီတအစီအစဉ်
၇း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၂၃)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၁၄)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ သတ္တမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် တံခွန်စိုက်ဆုရရှိသော အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ သတ္တမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း၊ မန္တလေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)နှင့် အနုပညာဦးစီးဌာန(မန္တလေး)တို့မှ အကြံပေးပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ဧည့်သည်များ၊ ပြိုင်ပွဲဝင်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

အခမ်းအနားတွင် ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် အဖွဲ့လိုက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြဇာတ်ပြိုင်ပွဲဆုရရှိသည့် အဖွဲ့များနှင့် တံခွန်စိုက်ဆုရရှိသော အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲတို့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၈ခုနှစ် ဩဂုတ်၁၇ရက်တွင်ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်ဟာဆန်ဝီရာယုဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ခရစ္စမတ်အပင်များ မြေချစိုက်ပျိုး

မိုးမောက် ဩဂုတ် ၁၆

မိုးမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး ဆောင်ရွက်လျက်ရှိရာ လမ်းမကြီး ဘေးဝဲ/ယာတစ်လျှောက်တွင် ပျိုးထောင်ထားသော ခရစ္စမတ်အပင်များ မြေချစိုက်ပျိုးမှုကို အဖွဲ့ရုံး ဝန်ထမ်းများ ဩဂုတ် ၉ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ကြီးကြပ်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သတင်းအချက်အလက်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍ ဩဂုတ်၂၃ရက်(စနေနေ့)နံနက်၉နာရီခွဲ မှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း(၂၀၅)တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးထွန်းခိုင်(Integra)နှင့် ဦးနေလင်းသန်း(MIT) တို့က စီးပွားရေးလုပ်ငန်းများတွင် ကွန်ပျူတာစနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်သည့်အခါ အချိန်ကာလတစ်ခုတွင် Data များ များပြားစွာဖြစ်ပေါ်ခဲ့သည်။ ထို Data များထဲမှ မိမိလုပ်ငန်းအတွက် အကျိုးရှိမည့် အသိပညာများကို မည်ကဲ့သို့ ထုတ်ယူသုံးစွဲနိုင်သည်ကို "Data to Knowledge (သတင်းအချက်အလက်မှ အသိပညာဆီသို့)" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲ ကျင်းပမည်ဖြစ်သည်။

တက်ရောက်ဆွေးနွေးနိုင်

ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း- ၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စာသင်ခန်းများ ဆောက်လုပ်ရေး လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၆

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းရှိ သီရိမင်္ဂလာဘုန်းတော်ကြီး သင်ပညာရေးကျောင်းတွင် သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ကာ ယခု ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ၁၂၄ဦးတို့ ယာယီကျောင်းဆောင်အတွင်း၌ ပညာသင်ကြားလျက်ရှိပြီး မြေညီထပ်စာသင်ခန်းများ အမြန်ပြီးစီးနိုင်ရေးအတွက် ကြွေပြားနှင့် အလူမီနီယံတံခါးများအပါအဝင် ကျပ် ၁၀သိန်းနှုန်းဖြင့်တစ်ခန်း၊ ကျပ်ရှစ်သိန်းနှုန်းဖြင့် သုံးခန်း၊ ကျပ်ခြောက်သိန်းနှုန်းဖြင့် လေးခန်းနှင့် ကျပ်လေးသိန်းနှုန်းဖြင့်လေးခန်းတို့အတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ ကျောင်းအုပ်ဆရာတော် ဖုန်း-၅၄၅၈၃၇ နှင့် ၀၉-၅၂၁၃၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၇၁)

ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့်အခမ်းအနားကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း(၁၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပညာပေးသင်တန်းများဖွင့်လှစ်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း ဥက္ကဋ္ဌ မြို့တော်စည်ပင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ သဘာပတိ အသင်း ဥက္ကဋ္ဌဦးညွန့်ဖေက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

စီစဉ်ထား

၁၉၉၃ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းသည် ယခုနှစ်တွင် သက်တမ်း (၁၅)နှစ်ပြည့်မြောက်ပြီဖြစ်၍ လာမည့် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ပထမပတ်အတွင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း၌ ရက်သတ္တတစ်ပတ်ကြာ စည်ကား သိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။

သစ်သီးအလှပုံဖော်

ထို့ပြင် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ သစ်သီး အလှပုံဖော်ခြင်း (Fruit Curving) သင်တန်းကို ဩဂုတ်၂၇ရက်မှ စက်တင်ဘာ ၆ရက်အထိ နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအတွင်း၌ လည်းကောင်း၊ ပန်းဥယျာဉ် တည်ဆောက်ခြင်းနှင့် မြေယာရှုခင်းပြုပြင်မှု (Gardening & Landscapping) သင်တန်းကို စက်တင်ဘာ ၈ရက်မှ ၂၆ ရက်အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း၌လည်းကောင်း သင်တန်းသား သင်တန်းသူ၅၀စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

ဆက်သွယ်နိုင်

သင်တန်းကြေးအဖြစ် သစ်သီးအလှပုံဖော်ခြင်းသင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ်၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၈၀၀၀၊ ပန်းဥယျာဉ်တည်ဆောက်ခြင်းနှင့်မြေယာရှုခင်းပြုပြင်မှုသင်တန်းတွင် အသင်းဝင်များနှင့်အစိုးရဝန်ထမ်းများအတွက် ကျပ် ၁၅၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၁၇၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၁၇၃)

ပင်လည်ဘူးမြို့နယ်တွင် စက်ရေတွင်းတူးဖော်

ရန်ကုန် ဩဂုတ် ၁၆

ပင်လည်ဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းဖေမြင့်နှင့် အငယ်တန်း အင်/ယာ(၃) တို့သည်ဩဂုတ်၅ရက်က ပလပတောင်ကျေးရွာ စက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ပေးသည်။ အဆိုပါ စက်ရေတွင်းသည် အလှူရှင် လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အနက်ပေ ၂၅၀ ရှိကာ ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၁၂၀၀ထွက်ရှိသဖြင့် ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲလျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား၌ ရထားတိုက်မှုဖြစ်ပွား ခရီးသည် ကိုးဦးသေဆုံး၊ ၂၇ဦးဒဏ်ရာရရှိ

ဂျကာတာ ဩဂုတ် ၁၆

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းတွင် ဩဂုတ် ၁၆ရက်က ခရီးသည်တင်ရထားတစ်စင်းနှင့် ကုန်တင်မီးရထားတစ်စင်း စက်ခေါင်းတစ်ခုတို့ အရှိန်ပြင်းစွာတိုက်မိရာ ခရီးသည်ကိုးဦး ပွဲချင်းပြီးသေဆုံးပြီး ၂၇ဦး ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

မတော်တဆဖြစ်ပွား

အခင်းဖြစ်ပွားမှုမှာ ဂျကာတာမြို့ အနောက်မြောက်ဘက် ၁၈၅ မိုင်ခန့်အကွာ ဘန်ဒါလန်ပွန်မြို့၌ ရထားမတော်တဆ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိခိုက်ပျက်စီး

ဒဏ်ရာရရှိသူများကိုဆေးရုံသို့အမြန်တင်ပို့ပေးခဲ့ရကြောင်း၊ ခရီးသည်တင် ရထားတွဲအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

ပရီမီယာလိဂ် ရာသီအဖွင့် အာဆင်နယ်နှင့် လီဗာပူးတို့ နိုင်ပွဲဖြင့်စတင်

မောင်ချစ်ကြည်

လန်ဒန် ဩဂုတ် ၁၆

၂၀၀၈-၂၀၀၉ ပရီမီယာလိဂ် ဘောလုံးရာသီ၏ ကန့်လန့်ကာအဖွင့်ဖြစ်သည့် ပွဲစဉ်(၁)ကို ဩဂုတ်၁၆ရက်၌ စတင်ကစားခဲ့ပြီဖြစ်ရာ ရာသီအစမှာပင် အောင်ပွဲရရေးအတွက် အသင်းတိုင်း အားထုတ်ကြိုးစားရပြီဖြစ်ရာ အားသစ်မာန်သစ်နှင့် အကြိတ်အနယ် နွှဲကြရပြီဖြစ်သည်။

ဩဂုတ် ၁၆ရက် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်၌ စုစုပေါင်းခုနစ်ပွဲ ယှဉ်ပြိုင် ကစားကြသည်ဖြစ်ရာ အာဆင်နယ်နှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရာသီအစ၌ သုံးမှတ် သိမ်းပိုက် နိုင်ခဲ့ပြီဖြစ်သည်။

အာဆင်နယ်တို့ အိမ်ကွင်း အီးမရိတ်စ်၌ ဧည့်သည် ဝက်စ်ဘရွန်းကို အသာစီးမှ ကစားနိုင်ခဲ့သည်။ ဂိုးသွင်းခွင့် ၂၈ကြိမ်ရပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ် ရရှိခဲ့သည်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ပေါင် ၁၂သန်းဖြင့် အသစ်ရောက်ရှိလာသည့် ပြင်သစ်ကစားသမား နာဆရီက ပွဲချိန် လေးမိနစ်မှာပင် ဝက်စ်ဘရွန်း ဂိုးဧရိယာအတွင်းမှ ဒီနယ်လ်ဆင်ချပေးလိုက်သည့် ဘောလုံးကို ညာခြေဖြင့် အပိုင်ကန်သွင်းယူ သွားခဲ့ခြင်းဖြစ်သည်။ နာဆရီ၏ ယခုဂိုးသည် ယခုနှစ်ဘောလုံးရာသီ၏ ပထမဆုံး ဂိုးလည်းဖြစ်သည်။

အာဆင်နယ်နှင့် ဝက်စ်ဘရွန်းတို့ပွဲ၌ အာဆင်နယ် တိုက်စစ်မှူး နာဆရီ ဤသို့ အနီးကပ်သွင်းယူခဲ့သည်။

အာဆင်နယ်တို့က ယခုပွဲ၌ တိုက်စစ်တွင် အဒီဘာယောနှင့် ဘင့်တနာ၊ ကွင်းလယ်တွင် နာဆရီ၊ ဝေါကော့တ်၊ အီဘိုး၊ ဒီနယ်လ်ဆင်တို့ ကစားခဲ့ပြီး နောက်တန်း၌ ဂါးလက်စ် ဦးဆောင်ခံစစ်မှူးများက တာဝန်ယူခဲ့ကြသည်။ ဝက်စ်ဘရွန်းတွင် ရှေ့တန်း အထောင်တိုက်စစ်မှူးအဖြစ် မီလာကိုထားပြီး မော်ရစ်ဆင်၊ ဘရန့်၊ ဂရင်းတို့နှင့် ဝိုင်းရံကစားခဲ့သော်လည်း အာဆင်နယ် နောက်တန်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ချေ။ သို့သော် အာဆင်နယ်တို့ကလည်း နောက်ထပ် ဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ဝက်စ်ဘရွန်းတို့ ရှုံးနိမ့်ခဲ့ရသည်။



မစ်ဒယ်ဘရော့နှင့် စပါးတို့ပွဲတွင် မစ်ဒယ်ဘရော့ တိုက်စစ်မှူး အဖွန်ဆိုအဲဗက်စ်(ဝဲ) ထိုးဖောက်ကစားစဉ်။

မစ်ဒယ်ဘရော့နှင့် စပါး

စပါးတို့ အဝေးကွင်း၌ ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ဒါရင်ဘင့်နှင့် ဘန့်တလေတို့ အဆုံးသတ် မပိုင်ခဲ့၍ ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်မှာ ၆၅မိနစ်မှသာ ဂျီရိုဗန်နီနှင့် လူစားလဲ ကစားခဲ့သည်။ မစ်ဒယ်ဘရော့တို့က တိုက်စစ်တွင် အလီရာဒီယေး၊ တွန်ကေးဆန်လီနှင့် အဖွန်ဆိုအဲဗက်စ်တို့ကိုတင်ပြီး ကစားခဲ့ရာ ပွဲချိန် ၇၁မိနစ်၌ မစ်ဒယ်ဘရော့ နောက်ခံလူ ဒေးဗစ်ဂေါ်တာက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒုတိယဂိုးကို ၈၆မိနစ်၌ တိုက်စစ်မှူး မီဒိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ နှစ်ဂိုးရရှိခဲ့သည်။ စပါးအတွက် ချေပဂိုးကို ပွဲချိန် မိနစ်၉၀၌ မစ်ဒယ်ဘရော့ နောက်ခံလူ ရောဘတ်ဟုဘ် ဘောလုံးရှင်းထုတ်ရာမှ မိမိဂိုး မိမိသွင်းသကဲ့သို့ဖြစ်သွားပြီး ဂိုးဝင်သွားသဖြင့် မစ်ဒယ်ဘရော့တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဟူးလ်စီးတီး	၂-၁	ဖူလ်ဟမ်	ဘော်လ်တန်	၃-၁	စတုတ်
ဝက်စ်ဟမ်း	၂-၁	ဝီဂန်	ဆန်းဒါးလန်း	၀-၁	လီဗာပူး
အဲဗာတန်	၂-၃	ဘလက်ဘန်း			

လမြတ်ဝါခေါင် ရေဖောင်ဖောင် လှူဘောင်သာဖို့ မေတ္တာပို့

ပန်းတောင်း သန်းကြွယ်

ဝါခေါင်လသည် မြန်မာလများ၏ ငါးလမြောက်ဖြစ်သည်။ မိုးဥတုတွင် ပါဝင်ပြီး မိုးများသောကာလ ဖြစ်သည်။ ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ် ဟူသော ဆရာမင်းသုဝဏ်၏ ကဗျာကဲ့သို့ပင် မြစ်များ၊ ချောင်းများ ရေပြည့်ရေလျှံသော ကာလဖြစ်သည်။ ချောင်းရေကလျှံ၊ ကန်ရေကတိုးရအောင် မိုးများလှသည်။ မြန်မာမှုတွင် ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဟု အဆိုရှိသည်။

မြန်မာမှုအရ ဝါခေါင်လကို သိဟ်ရာသီဟုခေါ်သည်။ စန်းပြည့်နက္ခတ်မှာ သရဝဏ်နက္ခတ် ဖြစ်သည်။ ယှဉ်သောတာရာမှာ ဗျိုင်းတာရာဖြစ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်သည်။ ငါးလမြောက်ဖြစ်၍ ရက်မစုံသောလ ဖြစ်သည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။ ရာသီပွဲတော်မှာ "စာရေးတံမဲပွဲ" ဖြစ်သည်။

ဝါခေါင်လတွင် အညာဒေသ၌ ထနောင်းပင်၊ ကြောင်ကျစ်ပင်၊ ဆူးရစ်ပင်တို့ပွင့်ကြသည်။ မိုးမှာမူ သဲသဲမဲမဲ ရွာလေ့မရှိတတ်။ ရှေးတောင်သူကြီးများက "ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း"ဟု မိုးလက္ခဏာဆိုခဲ့ကြသည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌မူ မိုးများစွာ ရွာသွန်းလေ့ရှိသည်။ မဟာအတုလမင်းကြီး၏ ဝါခေါင်လဘွဲ့လွမ်းချင်းတွင် "ဒေဝရိန်ပဇ္ဇုန်မှူးငယ်က၊ မြူးလှတယ်လေး"ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။ ဆရာကြီးဦးပြုံးချို၏ ဝါခေါင်လဘွဲ့ လေးဆစ်သဖြန်တွင် "လဆန်းရယ်တဲ့ ငွေဘုံဆောင်၊ ပြည့်ဝှန်းကြယ် သရဝဏ်နှင့်၊ နယ်တစ်ဝန်းရှစ်ခွင်တိုင်းမှာ မှိုင်းရီလို့မှောင်၊ ငွေတာရာကြယ် သိန္နဝယ်တို့၊ ဝေဟာမှာ အရှိန်ပြပါတဲ့၊ ချိန်ခါသမယလဝါခေါင်မှာ ငွေတောင်ပြည့်လွမ်း၊ ခတ္တာငုံ ချပ်လွှာမှုန်တကြူကြူနဲ့ ပြည်နိဗ္ဗူ ပတ္တနာသန်လို့ စာရေးတံလှူတော်ပွဲကို နွဲပျော်ဖို့လှမ်း"ဟူ၍ တွေ့ရသည်။

ဝါခေါင်လ၏ရာသီပွဲ စာရေးတံမဲပွဲတော်သည် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်ကပင် စတင်ပေါ်ထွန်းခဲ့သည်။ အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် တပည့်သံဃာများနှင့်အတူ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသည်။ ထိုအချိန်၌ ရာဇဂြိုဟ်တစ်ပြည်လုံးတွင် အစားအစာရှားပါးသော ဘေးကျရောက်လေရာ ဒါယကာများသည် တစ်ကျောင်းတိုက်လုံးရှိ ရဟန်းသံဃာတို့အား ဆွမ်းကပ်လှူဒါန်းရန် မတတ်နိုင်ခဲ့ပေ။ ကျောင်းတိုက်ရှိ သံဃာတော်များထဲမှ တစ်ပါး၊ နှစ်ပါး၊ တစ်ကျိပ်၊ နှစ်ကျိပ်စသည်ဖြင့် ရွေးချယ်လှူဒါန်းလိုကြ၏။ အချို့ဒါယကာများက စာရေးတံမဲချ၍ လှူဒါန်းလိုကြ၏။ အချို့က ဥပုသ်နေ့တွင် တတ်စွမ်းသမျှ လှူဒါန်းလိုကြ၏။ အချို့က ဥပုသ်ကျော်ခရက်နေ့၌ ဆွမ်းကွမ်းရှားပါးတတ်သဖြင့် ထိုနေ့တွင် ဆက်ကပ်လိုကြ၏။ ဤသို့သော အကြောင်းများကို ဒါယကာများက မြတ်စွာဘုရားရှင်အား လျှောက်ထားကြသည်။

မြတ်စွာဘုရားရှင်က သံဃာကုန် ဆွမ်းလှူဒါန်းသော "သံဃဘတ်"ကိုလည်းကောင်း၊ တစ်ပါး၊ နှစ်ပါးစသည် လှူဒါန်းသော "ဥဒ္ဒေသဘတ်"ကိုလည်းကောင်း၊ ပင့်ဖိတ်၍လှူဒါန်းသော "နိမန္တနဘတ်"ကိုလည်းကောင်း၊ စာရေးတံမဲချ၍ လှူဒါန်းသော "သလာကဘတ်"ကိုလည်းကောင်း၊ လဆန်းပက္ခ၊ လဆုတ်ပက္ခတို့၌ လှူဒါန်းသော "ပက္ခိကဘတ်" ကိုလည်းကောင်း၊ ဥပုသ်နေ့၌လှူဒါန်းသော "ဥပေါသထိကဘတ်"ကိုလည်းကောင်း၊ ဥပုသ်ကျော်ခရက်နေ့၌လှူဒါန်းသော "ပါဋိပဒိကဘတ်"ကိုလည်းကောင်း လှူဒါန်းနိုင်ကြောင်း ခွင့်ပြုတော်မူခဲ့သည်။ ထိုအချိန်မှစ၍ စာရေးတံမဲချ၍ လှူဒါန်းရသောအလှူ ဖြစ်ပေါ်ခဲ့သည်။

မြတ်စွာဘုရားရှင်လက်ထက်တော်အခါ သံဃာအများနှင့် စပ်ဆိုင်သောဆွမ်း အလှူကိစ္စ၊ ဝိနည်းကိစ္စတို့တွင် ပြဋ္ဌာန်းဆုံးဖြတ်ရာ၌ အမှုကိုပြီးစီးလွယ်စေသောငှာ စာအက္ခရာအမှတ်အသားပါသော ဝါးခြမ်းတံကို မဲနှိုက်စေ၍ ဆုံးဖြတ်ရသည်။ ယင်းဝါးခြမ်းတံကို စာရေးတံဟုခေါ်သည်။ ပုံစံအားဖြင့် သံဃာတော်အများကို ဒကာ၊ ဒကာမများက ဆွမ်းပင့်ဖိတ်သောအခါ မည်သည့်ဒကာ၊ ဒကာမသည် မည်သည့်သံဃာအားဆွမ်းကျွေးစေဟူ၍ ဆုံးဖြတ်ရန်မရကောင်းသောအခါ၌ စာရေးတံဟုခေါ်သော ဝါးခြမ်းတံဝယ် သံဃာအရေအတွက်ကို အမှတ်အသားပြု၍ ကံအလျောက် ဆွမ်းကပ်နိုင်ကြစေရန် အိမ်စဉ်အလိုက် မဲနှိုက်စေ၍ "သလာကဘတ်"စာရေးတံဆွမ်းအလှူကို လှူဒါန်းစေခြင်းပင်ဖြစ်သည်။ စာရေးတံမဲအလှူသည် ဆွမ်းသာမက ရဟန်းအသုံးအဆောင်ဖြစ်သော ထီး၊ ဖိနပ်၊ သင်္ကန်းစသည်တို့ကိုပါ မဲချ လှူဒါန်းခြင်းမျိုးဖြစ်၍ အလှူရှင်တို့က နှစ်သက်မြတ်နိုးကြသည်။

လမြတ်ဝါခေါင်တွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော **"မေတ္တာအခါတော်နေ့"** ပါဝင်နေသည်။ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းတရားကိုယူ၍ ဟိမဝန္တာနှင့်စပ်လျက်ရှိသော တောအုပ်ကြီးအတွင်းသို့ ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရားအားထုတ်နေကြလေသည်။ မိမိတို့သစ်ပင်အောက်သို့ ရဟန်းများရောက်လာသဖြင့် ရဟန်းတို့၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးခဲ့ရသော နတ်အချို့သည် အမျိုးမျိုးခြောက်လှန့်၍ ရဟန်းများမနေနိုင်အောင် အနှောင့်အယှက်ပြုကြသည်။

ရဟန်းများစိတ်ချောက်ချားကာ ရောဂါများရကြပြီး ဝါတွင်းကြီးမှာပင် ဘုရားထံပြန်ပြေးကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ရဟန်းငါးရာတို့အား မေတ္တသုတ်တရားတော်ကိုဟောဖော်ညွှန်းပြ၍ ထိုတောအုပ်သို့ပြန်သွားပြီး မေတ္တာဘာဝနာကိုပါ ပွားများကြရန် မိန့်တော်မူသည်။ ရဟန်းများ တောအုပ်သို့ပြန်သွားပြီး မေတ္တာဘာဝနာပွားများကြလေ၏။ ထိုအခါတွင် နတ်များသည် မေတ္တာဓာတ်ကြောင့် ရန်မပြုကြတော့ဘဲ ရဟန်းများကို ပြုစုစောင့်ရှောက်ဖော်ပင်ရလာ၏။ရဟန်းများ ဝိပဿနာ၊ ဘာဝနာပွားများအားထုတ်ခြင်းကို ချမ်းသာစွာပြုလုပ်လာနိုင်သဖြင့် မကြာမီ လေးမင်္ဂလေးဖိုလ်ရရှိပြီး ရဟန္တာများ ဖြစ်သွားကြလေသည်။ နှောင်းလူတို့က ဝါခေါင်လပြည့်နေ့ကို **"မေတ္တာအခါတော်နေ့"**အဖြစ် သတ်မှတ်ကာ ကောင်းမှုကုသိုလ်များပြုလုပ်၍ မေတ္တာဘာဝနာများ ပွားများကြလေသည်။

မေတ္တာလက်နက်ကား တန်ခိုးထက်လှ၏။ မေတ္တာဆောင်လျှင် အောင်မြင်မှုရကြသည်။ ဝိပဿနာ ဘာဝနာတရားများအားထုတ်စဉ် မေတ္တာဘာဝနာကိုပါ တွဲဖက်ပွားများသင့်သည်။ မေတ္တာဘာဝနာပွားများခြင်းဖြင့် ချမ်းချမ်းသာသာ အိပ်ရ၊ နိုးရ၏။ အိပ်မက်ကောင်းကိုသာမြင်မက်ရ၏။ လူနတ်တို့ချစ်ခင်ကြ၏။ နတ်များ၏စောင့်ရှောက်ခြင်းကို ခံရ၏။ မီး၊ အဆိပ်၊ ဓားစသည့် အန္တရာယ်မှကင်းဝေး၏။ လျင်မြန်စွာသမာဓိရရှိ၍ မျက်နှာမှာကြည်လင်လန်းဆန်း နေတတ်၏။ သေသည့်အခါ၌ပင် မတွေမဝေ သေရ၏။ ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏။

ထို့ကြောင့် မြတ်စွာဘုရားရှင်က ဓမ္မပဒပါဠိတော်သမ္ဗလာမဘိက္ခုဝတ္ထုတွင်**"မေတ္တာတရားကိုပွားများလေ့ရှိ၍ မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုသောရဟန်းသည် ဆင်းရဲကင်းရာ နိဗ္ဗာန်ချမ်းသာကိုရနိုင်၏"**ဟု ဟောကြားတော်မူခဲ့ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

> မေတ္တာဘာဝနာ ပွားများခြင်းဖြင့် ချမ်းချမ်းသာသာ အိပ်ရ၊ နိုးရ၏။ အိပ်မက်ကောင်းကိုသာ မြင်မက်ရ၏။ လူနတ်တို့ချစ်ခင်ကြ၏။ နတ်များ၏ စောင့်ရှောက်ခြင်းကိုခံရ၏။ မီး၊ အဆိပ်၊ ဓားစသည့် အန္တရာယ်မှ ကင်းဝေး၏။ လျင်မြန်စွာ သမာဓိရရှိ၍ မျက်နှာမှာ ကြည်လင်လန်းဆန်း နေတတ်၏။ သေသည့်အခါ၌ပင် မတွေမဝေ သေရ၏။ ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏။

မေတ္တာတေးသာ သီကြွေးပါ

❒ အခါတစ်ပါး၊ မြတ်ဘုရားရှင်သည်
ဇေတဝန်ကျောင်း၊ စက်လျောင်းခိုမှီ
ပြည်သာဝတ္ထိ၊ မည်ရှိဌာနီ
ပန်းစုံသင်း၊ ဝါတွင်းကာလဆီ။

❒ ငါးရာ ရဟန်း၊ စိတ်ဝမ်း မကြည်
မြတ်ရှင်ထံပါး၊ ဝပ်တွားကိုယ်စီ
တောအရပ်မှ၊ မြန်းကြွလာသည်
လက်အုပ်မိုး၊ ရှိခိုးလျှောက်တင်ပြီ။

❒ "ရှင်တော်မြတ်ဘုရား၊ လျှောက်ထားပါသည်
တောအုပ်တစ်ခု၊ ရှေးရှုခိုမှီ
ရဟန်းတော်များ၊ တစ်ပါးတစ်ပင်စီ
ကျင့်ကြံပွားများ၊ မြတ်တရားဂုဏ်ရည်
ညဉ့်ယံလုံး၊ သီတင်းသုံးပါသည်။
ကမ္မဋ္ဌာန်းတရား၊ အားထုတ်ခဲ့ပါသည်"။

❒ အားထုတ်နေဆဲ၊ ရှုမရဲပါသည်
သဘက် ဘီလူး၊ စွယ်ပြူး အာနီ
သံနက် သံဆိုး၊ အမျိုးမျိုးအော်မြည်
စိတ်မသန့်၊ ထိတ်လန့်ရပါသည်။

❒ ထို့ပြင်မက၊ ဒုက္ခစုံညီ
အပုပ်နံ့ အညှီနံ့၊ လွှမ်းဖြန့်ပါသည်
တရားသမာဓိ၊ မရရှိပါပြီ
ခြောက်လှန့်ပြီး၊ ဖျက်ဆီးကြပါသည်။

❒ လျှောက်တင်စကား၊ နာကြားစုံညီ
မြတ်ရှင်ဘုရား၊ မိန့်ကြားပါသည်
"တောစောင့်နတ်များ၊ မြင့်မားရာဆီ
မနေဝံ့၊ ကြောက်ရွံ့အောင် လှန့်သည်"။

❒ မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းကိုယ်စီ
ရဟန်းတို့အား၊ သင်ကြားရှာသည်
ယဿာနုဘာဝတော ယက္ခာအစရှိ
မေတ္တသုတ်၊ ဟောထုတ်ညွှန်ပြပြီ။

❒ တောအုပ်ပြန်သွား၊ ရဟန်းများကိုယ်စီ
မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းလေပြီ
နတ် ဘုမ္မစိုး၊ ရုက္ခစိုးစုံညီ
ရွှင်ကြည်ပြုံး၊ တောလုံးသာယာပြီ။

❒ သပိတ်ကိုပွေ့၊ နေ့တိုင်းကူညီ
ခြေဆေးကာပေး၊ လုပ်ကျွေးလာသည်
မေတ္တာရနံ့၊ သင်းပျံ့ထုံကြည်
နတ်တစ်သင်း၊ ဖန်ဆင်းလူနှယ်အတည်။

❒ ငါးရာ ရဟန်း၊ ရွှင်လန်းကြည်ကြည်
တရားကမ္မဋ္ဌာန်း၊ ဆင်မြန်းနိုင်ပြီ
နှောင့်ယှက်ကင်းလတ်၊ ဝါကပ်နိုင်သည်
မေတ္တာအကျိုး၊ မြတ်နိုးဘွယ့်ဂုဏ်ရည်။

❒ မြန်မာ့မြေတစ်ဝန်း၊ ငြိမ်းချမ်းစေရည်
ကမ္ဘာ့မြေတစ်ဝန်း၊ ငြိမ်းချမ်းစေရည်
ပေးယူတူမျှ၊ ရကြစေရည်
ဖေးကူတူတကွ၊ ဘဝအလှဝေစည်
မေတ္တသုတ်၊ ဆိုနှုတ် ရွတ်ကိုယ်စီ။
မေတ္တာတေး၊ သီကြွေး လူတိုင်းသည်။
မေတ္တာပန်း၊ ပွင့်လန်း အိမ်တိုင်းဆီ။
မေတ္တာနေ့၊ မမေ့ကမ္ဘာအရှည်။ ။

မြင်းမူမောင်နိုင်မိုး

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) သက်လွှတ်ပွဲနှင့် မေတ္တာပို့ ရွတ်ဆိုပူဇော်ပွဲ အခမ်းအနား မင်္ဂလာကို ရိပ်သာတွင်း မဟာစည်မွှေ့ရုံကြီး၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿသုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ မေတ္တာအခါတော်နေ့ မင်္ဂလာ အခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင် ရဟန်း၊ရှင်၊လူ၊ယောဂီများက မေတ္တသုတ် ပါဠိတော်၊ မေတ္တသုတ် မြန်မာပြန် ရှစ်လုံးဘွဲ့ ကဗျာများဖြင့် ညီညီညာညာ ရွတ်ဆိုပူဇော်ကြသည်။

ဟောကြားတော်မူ

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သတ္တဝါများအပေါ် မေတ္တာထားကြရန်နှင့် သက်သတ်လွတ်စားခြင်း၏ အကျိုးသက်ရောက်မှုများကို တင်ပြပြီး ကိုးမိုင်မဟာစည် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိဓဇ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အရှင်သူမြတ်က မေတ္တာဘာဝနာ ပွားများပုံများကို ရှင်းလင်း ဟောကြားတော်မူသည်။

လှူဒါန်း

ဆက်လက်၍ ဒေါ်ခင်ညိုဝင်းက ၄င်း၏ မွေးနေ့မင်္ဂလာအဖြစ် မေတ္တာအခါတော်နေ့သို့ ပါဝင်ဆင်နွှဲကြသော ရဟန်းရှင်လူအပေါင်းအား သက်သတ်လွတ်မေတ္တာဆွမ်း လှူဒါန်းသည်။ ဒေါက်တာတင်ခိုင်မြင့်က အလှူရှင် အသီးသီးတို့ကို ဖတ်ကြားကြေညာ၍ ဆရာတော်ကြီးက ဂုဏ်ပြုလွှာချီးမြှင့်တော်မူပြီး မေတ္တာပို့ရေစက်ချ အနုမောဒနာတရားတော် ချီးမြှင့်သည်။ ဆက်လက်၍ စာကလေးအကောင် ကိုးရာကျော်ကို ကျောင်းပရဝဏ်အတွင်း ဘေးမဲ့လွှတ်ပြီး (အပေါ်ဝဲပုံ) ငါးအကောင် တစ်ထောင်ကျော်ကို မဟာ ဓမ္မပါလ ကုန်းမြေ စွယ်တော်ကန်၌ ဘေးမဲ့လွှတ်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့ ကိုးထပ်ကြီးဘုရား နဝဂုဏဗုဒ္ဓမာမက သာသနာပြု ပါရမီရှင်များအသင်း (၁၆)ကြိမ်မြောက် မေတ္တာသုတ်(၅၂၈)ကြိမ် အသံမစဲ ပူဇော်ပွဲ၊ မေတ္တာသုတ် ရေစင်ဒါနပြုပွဲနှင့် ဇီဝိတဒါန ဘေးမဲ့အလှူတော်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၁၆ရက်က ဘုရားကြီးရင်ပြင်တော်၌ ပြုလုပ်ရာ ငှက်များအား စုပေါင်း ဘေးမဲ့လွှတ်ကြစဉ်။
(၁၀၃)

မိဘနှစ်ပါးဖြစ်သော ဦးရွှေလှော်-ဒေါ်ငွေဘော်နှင့် ညီမများဖြစ်သော ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းအမှတ်၆၂/ အေနေ ဒေါ်ကျင်မြ မိသားစုက ဒဂုံမြို့နယ် အမှတ်၁၂/၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏တိပိဋကတိုးချဲ့ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်၁၅သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နီ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

သံဝေဇနိယလေးဌာန တည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးရန်စီစဉ်

စိတ်အေးချမ်းသာစွာဖြင့် ဘုရားများဖူးမြော်နိုင်ရေး စီမံဆောင်ရွက် စက်တင်ဘာ နောက်ဆုံးပတ်မှ စတင်ပို့ဆောင်ပေးသွားမည်

နေပြည်တော် ဩဂုတ် ၁၆

သံဝေဇနိယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူးများ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ၂နာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အမှာစကား ပြောကြားရာတွင် သာသနာရေးဝန်ကြီးဌာနသည် ၁၉၉၈-၉၉ ခုနှစ်မှ စတင်၍ မဇ္ဈိမဒေသရှိ သံဝေဇနိယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ စီစဉ်ပို့ဆောင်ပေးလျက်ရှိပြီး ယခု ၂၀၀၈-၂၀၀၉ခုနှစ်တွင်လည်း ယခင်နှစ်များကဲ့သို့ ဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ထိုသို့ပို့ဆောင်ပေးရာတွင် ဘုရားဖူးခရီးစဉ်များအနေဖြင့် ရန်ကုန်မှ ဗုဒ္ဓဂယာသို့ လေကြောင်းခရီးဖြင့် တိုက်ရိုက်သွားပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဗုဒ္ဓဂယာရှိ ဘုရားများအား လှည့်လည်ဖူးမြော်ကာ ဗုဒ္ဓဂယာမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်လာမည့် ၁၁ညအိပ် ၁၂ရက်ခရီးနှင့် ရန်ကုန်မှဗုဒ္ဓဂယာသို့ တိုက်ရိုက်သွားပြီး ဗုဒ္ဓဂယာနှင့် အနီးတစ်ဝိုက်ရှိ ဘုရားများအားဖူးမြော်ကာ ရန်ကုန်သို့ပြန်မည့် လေးညအိပ်ငါးရက်ခရီးတို့ကို စီစဉ်ထားကြောင်း။

စိတ်ချမ်းသာစွာ

ဘုရားဖူးများအတွက် ဝန်ဆောင်မှုကိစ္စအဝဝကို ခရီးစဉ်အစမှ အဆုံးတာဝန်ယူဆောင်ရွက်ရန် ဘုရားဖူးအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးလုပ်ငန်းတို့ကို ဖွဲ့စည်းတာဝန်ပေးထားပြီး ဖြစ်ကြောင်း၊ ယင်းဘုရားဖူးအဖွဲ့နှစ်ဖွဲ့တို့မှ တာဝန်ရှိသူများအနေဖြင့် ဘုရားဖူးများ ကိုယ်စိတ်နှစ်ပါး စိတ်ချမ်းသာစွာဖြင့် ဘုရားများဖူးမြော်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားကြရန်နှင့် ဘုရားဖူးအဖွဲ့များ သွားလာရေး၊ နေထိုင်စားသောက်ရေး စသည့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် ဘုရားဖူးအဖွဲ့များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ ဆပ်ကော်မတီ အလိုက် စီစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းလိုအပ်ချက်များရှိပါကလည်း ယခု လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဖြည့်စွက်ရှင်းလင်းပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ဘုရားဖူးခရီးစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဘုရားဖူးခရီးစဉ်များ အဆင်ပြေချောမွေ့ရေးအတွက် အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ဆက်သွယ်စုံစမ်း

ယခုနှစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို ၂၀၀၈ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်မှစတင်၍ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ဘုရားဖူးသွားလိုသူများအနေဖြင့် သာသနာရေးဝန်ကြီးဌာနမှ တရားဝင်တာဝန်ပေးအပ်ထားသော ဘုရားဖူးအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် အကျိုးဆောင် ဒေါ်သဇင်မြင့်အောင်(အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) Power Palace Hotel အမှတ်(၁၆) ပြည်သာယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၇၁၉၊ ၇၂၄၅၆၈၊ ၅၄၄၂၈၇၊ ၅၄၈၂၀၁၊ ၀၉-၉၉-၂၆၁၀၈၊၀၉-၅၁-၂၈၆၂၁နှင့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ) ဖုန်း-၀၁-၆၆၀၆၄၆နှင့် ၆၆၀၈၄၃တို့သို့လည်းကောင်း၊ အကျိုးဆောင်ဦးထိန်လင်း (ရန်ကုန်ဗုဒ္ဓဂယာပို့ဆောင်ရေးလုပ်ငန်း) အမှတ် ၅၅၊ ၁၇လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၅၉၀၅၊ ၂၂၅၉၈၉၊ ၂၂၇၇၀၂၊ ၂၂၇၇၀၃နှင့် သာသနာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)ဖုန်း-၀၁-၆၆၅၃၈၃တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်း၍ ကိုယ်တိုင်လျှောက်လွှာတင်သွင်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ အထက(၂)မရမ်းကုန်း၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အင်းစိန်လမ်းမကြီးပေါ်ရှိ အထက(၂)မရမ်းကုန်းတွင် ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းက မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကာကွယ်တားဆီးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပွဲနှင့် ကျောင်းတွင်း စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဂီတစာဆိုသမိုင်းဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်ဒါရိုက်တာ ဦးမြင့်စိုး(ဝ/သ)နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လက်အောက်ခံ လူငယ်အားမာန်အဖွဲ့မှ ကိုယ်စားလှယ်တို့က မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများ အကြောင်းနှင့် ကိုယ်တွေ့ဖြစ်ရပ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးစံရှိန် လူမှုဝန်ထမ်းဦးစီးဌာနက မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ ကျောင်းတွင်းစာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသူများအား အထက(၂)မရမ်းကုန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစုစုလှိုင်နှင့် တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(၁၁၁)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တရားရုံးချုပ်၌ကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

တရားရုံးချုပ်၏ ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက နေပြည်တော်ရှိ တရားရုံးချုပ် သတ်မှတ်နေရာ၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့သည် ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့်အတူ စုပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲကို ပါဝင်ဆင်နွှဲစိုက်ပျိုးပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ ငုဝါ၊ မဟော်ဂနီ၊ ပိတောက်၊ မာလကာ၊ ပျဉ်းမပင် စုစုပေါင်း အပင် ၆၀၀ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်ကြီးမြို့၌ ပန်းအလှပင် စိုက်ပျိုး

ပုသိမ်ကြီး ဩဂုတ် ၁၆

ခေတ်မီမြို့ပြအင်္ဂါရပ်များနှင့်အညီ ပုသိမ်ကြီးမြို့အား မြို့ပြစိမ်းလန်းစိုပြည်ရေး စီမံချက်များ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းဘေးဝဲယာများတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြင့်ဦးနှင့်အဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဩဂုတ် ၇ ရက်က စိုက်ပျိုးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အခြေခံစာကြည့်တိုက်ပညာ သင်တန်းဖွင့်ပွဲ မှော်ဘီမြို့၌ကျင်းပ၊ ဖွင့်ရခြင်းရည်ရွယ်ချက်ရှင်းလင်း

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်၌ အခြေခံစာကြည့်တိုက် ပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုး(**ယာပုံ**)နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဟောပြောပို့ချ

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက စာကြည့်တိုက်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများ၊ စာကြည့်တိုက်ကျွမ်းကျင်မှု လုပ်ငန်းများအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ ဆက်လက်ဆင်နွှဲ

အိမ်ရှင်တရုတ်အားကစားသမားများ ရွှေအများဆုံးဖြင့် ဦးဆောင်နေဆဲ

မောင်မောင်မြင့်ဆွေ ရေးသားသည် (ကိုးကား - ဆင်ဟွာသတင်းအချက်အလက်များ)

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ပေကျင်း ဩဂုတ် ၁၆

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ဆက်လက်ကျင်းပရာ နိုင်ငံတကာမှ အားကစားသမားများ အပြိုင်အဆိုင် ပါဝင်ဆင်နွှဲလျက်ရှိသည်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် နိုင်ငံကိုယ်စားပြု အားကစားသမားများ ရွှေတံဆိပ်များ ဆွတ်ခူးရရှိရေး ကြိုးစားယှဉ်ပြိုင်လျက်ရှိရာ အောင်ပွဲရကစားသမားအချို့ကို စုစည်းဖော်ပြလိုက်ပါသည်-

ရေကူး

အမျိုးသမီး မီတာ၂၀၀ ပက်လက်ကူး ရေကူးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဇင်ဘာဘွေ ရေကူးမယ် ကီရစ်စတီကို ဗင်ထရီက ကမ္ဘာ့စံချိန်သစ်ဖြစ်သည့်



အမျိုးသား ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် နိုင်ငံစုံမှ အားကစားသမားများ ဤသို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

၂မိနစ် ၅၁ဒသမ ၂၄စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူး ရရှိသွားသည်။ အမေရိကန် ရေကူးမယ် မာဂရက်ဟိုလ်ဇာက ၂မိနစ် ၀၆ ဒသမ ၂၃ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဂျပန်ရေကူးမယ် နာကာမူရာက ၂မိနစ် ၀၇ဒသမ ၁၃စက္ကန့်ဖြင့် ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။

ဆွတ်ခူး

ထို့အတူ အမျိုးသား မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားရာ အမေရိကန်မှ မိုက်ကယ်ဖီးလ်က ၅၀ဒသမ ၅၈စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ဆာဘီးယားမှ မီလော့ကာဗစ်က ၅၀ဒသမ ၅၉စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဩစတြေးလျမှ အင်ဒရူး လျူတာစတင်းက ၅၁ ဒသမ ၁၂ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

လမ်းလျှောက်

အမျိုးသားကီလိုမီတာ၂၀လမ်းလျှောက်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ရုရှားလမ်းလျှောက်ကစားသမား ဗာလီရီဘော်ချန်က ၁နာရီ ၁၉ဒသမ ၀၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ အီကွေဒေါမှ လမ်းလျှောက်ကစားသမား ဂျက်ဖာဆင်ပီရက်ဇ်က ၁နာရီ ၁၉ဒသမ ၁၅မိနစ်ဖြင့် ငွေတံဆိပ်ရရှိပြီး ဩစတြေးလျမှ ဂျာရက်တယ်လင့်က ၁နာရီ ၁၉ ဒသမ ၄၂စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

တုတ်ထောက်ခုန်

အမျိုးသမီး တုတ်ထောက်ခုန် ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်၌ ရုရှားမှ အီလီနာအီဆင်ဘာအီဗာက ၄ ဒသမ ၆၀ မီတာအမြင့်ခုန်နိုင်ခဲ့သလို တရုတ်တုတ်ထောက်ခုန်မယ် ဂေါင်စူယင်းက ၄ ဒသမ ၅၀မီတာခုန်ပြီး ဖင်လန်မှ ဗာနက်ဆာက ၄ ဒသမ ၅၀မီတာ ခုန်ကာနောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်သည်။ ထို့အတူ ရုရှားမှ ဆဗက်လာနာ၊ အမေရိကန်မှဘင်နယ်၊ ပိုလန်မှမိုနီကာနှင့်

တုတ်ထောက်ခုန်

အမျိုးသမီး တုတ်ထောက်ခုန် ပြိုင်ပွဲ၌ ရုရှားမှ ဘာအီဗာ၏ ယှဉ်ပြိုင်ဟန်။

ဂျာမနီမှကာရိုလင်း တာမာရာတို့လည်း အရွေးခံခဲ့ရသည်။

အလျားခုန်

အမျိုးသမီးအလျားခုန်ပြိုင်ပွဲ ပထမအဆင့်ပြိုင်ပွဲများ ဆက်လက်ကစားရာ ဗြိတိန်နိုင်ငံမှ ဂျက်စီကာဇီလန်ကာ၊ လစ်သူယေးနီးယားမှ အိုင်ဂါဂရာဘူစတီ၊ နယ်သာလန်မှ ဂျိုလန်ဒါကိုင်ဇာ၊ ဟွန်ဒူးရပ်စ်မှ ဂျော်ဂျီဖာကတ်စ်၊ တရုတ်မှ လူပေတီတို့ အရွေးခံရပြီး နောက်တစ်ဆင့်တက်ရောက်သွားသည်။

အလျားခုန်

အမျိုးသမီး အလျားခုန် ပြိုင်ပွဲ၌ အကြိတ် အနယ် ပြိုင်ပွဲ ဝင်နေသည့် ဗြိတိသျှ အလျားခုန်မယ် ကာဇီလန်ကာ။

ဘော်လီဘော

အမျိုးသားဘော်လီဘောပြိုင်ပွဲအုပ်စုပွဲများကို ဆက်လက်ယှဉ်ပြိုင်ရာ အုပ်စု(က)မှ အမေရိကန်နှင့် တရုတ်တို့ပွဲတွင် အမေရိကန်အသင်းက တရုတ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ အုပ်စု(ခ) ပွဲစဉ်အဖြစ် ရုရှားနှင့် အီဂျစ်တို့ပွဲတွင် ရုရှားက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ဆာဘီးယားနှင့် ဂျာမနီတို့ပွဲတွင် ဆာဘီးယားက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ကြက်တောင်

အမျိုးသမီးတစ်ဦးချင်းကြက်တောင်ရိုက်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကိုဆက်လက်ယှဉ်ပြိုင်ရာ တရုတ်ကြက်တောင်ရိုက်မယ် ကျန်နင်းက ရွှေတံဆိပ် ဆွတ်ခူးရရှိသွားသည်။ ကျန်နင်းသည် တစ်နိုင်ငံတည်း ကြက်တောင်မယ်ဖြစ်သော စီဆင်ဖန်အား ၂၁-၁၂၊ ၁၀-၂၁၊ ၂၁-၁၈ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စီဆင်ဖန်မှာ ငွေတံဆိပ်ရရှိခဲ့ပြီး အိန္ဒိယကြက်တောင်ရိုက်မယ် မာရီယာခရစ်တင်းယူလီအင်တီက တရုတ်မှလျူလန်ကို ၁၁-၂၁၊၂၁-၁၃၊ ၂၁-၁၃မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ ။

ပေကျင်းအိုလံပစ် နိုင်ငံအလိုက် ဆုရရှိမှုအနေအထား

ဩဂုတ် ၁၆ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၂၇	၁၃	၇	၄၇
၂	အမေရိကန်	၁၆	၁၆	၂၂	၅၄
၃	ဂျာမနီ	၈	၅	၅	၁၈
၄	တောင်ကိုရီးယား	၇	၉	၄	၂၀
၅	ဩစတြေးလျ	၇	၈	၁၀	၂၅
၆	ဂျပန်	၇	၅	၅	၁၇
၇	ဗြိတိန်	၇	၃	၇	၁၇
၈	အီတလီ	၆	၅	၅	၁၆
၉	ရုရှား	၅	၈	၈	၂၁
၁၀	ယူကရိန်း	၅	၂	၅	၁၂
၁၁	ပြင်သစ်	၃	၉	၁၀	၂၂
၁၂	ဆလိုဗက်ကီးယား	၃	၁	-	၄
၁၃	ချက်	၂	၃	-	၅
၁၄	နယူးဇီလန်	၂	၁	၂	၅
၁၅	ရိုမေးနီးယား	၂	၁	၂	၅
၁၆	ဆွစ်ဇာလန်	၂	-	၃	၅
၁၇	စပိန်	၂	-	၁	၃
၁၈	ဂျော်ဂျီယာ	၂	-	၁	၃
၁၉	ကျူးဘား	၁	၃	၄	၈
၂၀	ဇင်ဘာဘွေ	၁	၃	-	၄
၂၁	နယ်သာလန်	၁	၂	၄	၇
၂၂	အဇာဘိုင်ဂျန်	၁	၂	၂	၅
၂၃	နော်ဝေ	၁	၂	၁	၄
၂၄	မြောက်ကိုရီးယား	၁	၁	၃	၅
၂၅	ကနေဒါ	၁	၁	၁	၃
၂၆	မွန်ဂိုလီးယား	၁	၁	-	၂
၂၇	ပိုလန်	၁	၁	-	၂
၂၈	ဘရာဇီး	၁	-	၄	၅
၂၉	အင်ဒိုနီးရှား	၁	-	၃	၄
၃၀	ဘူဂေးရီးယား	၁	-	၁	၂
၃၁	ဖင်လန်	၁	-	၁	၂
၃၂	အီသီယိုးပီးယား	၁	-	-	၁
၃၃	အိန္ဒိယ	၁	-	-	၁
၃၄	ဂျမေကာ	၁	-	-	၁
၃၅	ထိုင်း	၁	-	-	၁

အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များရလဒ်

ဘရာဇီး	၂ - ၀	ကင်မရွန်း
အီတလီ	၂ - ၃	ဘယ်လ်ဂျီယံ
အာဂျင်တီးနား	၂ - ၁	နယ်သာလန်
နိုင်ဂျီးရီးယား	၂ - ၀	အိုင်ဗရီကို့စ်

မိုက်ကယ်အိုဝင် မန်ယူနှင့် ပွဲဦးလွဲမည် နယူးကာဆယ်နည်းပြ ကီဗင်ကီးဂန်း ပြောကြား

လန်ဒန် ဩဂုတ် ၁၆

မိုက်ကယ်အိုဝင်သည် ဩဂုတ် ၁၇ရက်(**ယနေ့**) နယူးကာဆယ်နှင့် မန်ယူအသင်းတို့၏ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် ပါဝင်နိုင်ဖွယ် မရှိဟု သတင်းတွင် ဖော်ပြသည်။

ပြောကြား

အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ရာသီအကြိုခြေစမ်းပွဲတွင် တစ်ပွဲမှ ပါဝင်ကစားနိုင်ခဲ့ခြင်း မရှိသည့်အပြင် လေ့ကျင့်ကွင်းလည်း မဆင်းနိုင်ခဲ့သောကြောင့် အိုးလ်ထရက်ဖို့ဒ်သို့ သွားရောက်ကစားနိုင်ဖွယ်မရှိကြောင်း နယူးကာဆယ်နည်းပြကီဗင်ကီးဂန်းက ပြောကြားသည်။

အိုဝင်သည် လွန်ခဲ့သည့် မေလက ပါးချိတ်ရောင်နေရာမှ သက်သာလာမှု နှေးကွေးနေပြီး မကြာမီက ခြေသလုံးကြွက်သားဒဏ်ရာ ထပ်မံရရှိခဲ့သည်။

(အင်တာနက်)

လက်ဝှေ့ကျော်ခန်းနှင့် ပရက်စ်ကော့တ် စက်တင်ဘာ၆ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်

လန်ဒန် ဩဂုတ် ၁၆

လက်ဝှေ့ကျော် အမီရ်ခန်းသည် စက်တင်ဘာ ၆ရက်တွင် မန်ချက်စတာ အမျိုးသားအားကစားရုံကြီး၌ ရှုံးပွဲမရှိ ကိုလံဘီယာလက်ဝှေ့သမား ဘရီဒစ်

ပရက်စ်ကော့တ်အား ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။

ဆက်လက်ထိန်းသိမ်း

ပြီးခဲ့သည့်ဇွန်လက မိုက်ကယ်ဂိုမက်ဇ်အား အနိုင်ထိုးသတ်ခဲ့သည့် အမီရ်ခန်းသည် ဆုကြေးစားလက်ဝှေ့လောကသို့ ဝင်ကတည်းက ၁၉ပွဲ ရှုံးပွဲမရှိ အနိုင်ရရှိခဲ့ပြီး ၎င်း၏ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းထားဖွယ်ရှိသည်။

ကာကွယ်မည်

အသက်၂၁နှစ်ရှိ ဟော်လန်လက်ဝှေ့သမားခန်းသည် ပွဲပေါင်း၁၉ပွဲတွင် ၁၇ပွဲ အနိုင်ရရှိခဲ့သူ ကိုလံဘီယာလက်ဝှေ့သမား ပရက်စ်ကော့တ်အား ယှဉ်ပြိုင်ထိုးသတ်ပြီး ၎င်း၏ လိုက်ဝိတ်တန်းသရဖူကို ကာကွယ်မည် ဖြစ်သည်။ (အင်တာနက်)

စပါးမှမန်ယူသို့ ပြောင်းရွှေ့ခွင့်ရရေး တိုက်စစ်မှူးဘာဘာတော့ဗ် တောင်းဆိုမည်ဟုဆို

လန်ဒန် ဩဂုတ် ၁၆

ဘူလ်ဂေးရီးယားနှင့် စပါးတိုက်စစ်မှူးဘာဘာတော့ဗ်သည် ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ် ချန်ပီယံမန်ယူအသင်းသို့ ပြောင်းရွှေ့လိုသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ပြောကြား

ဘာဘာတော့ဗ်သည် မန်ယူသို့ ပြောင်းရွှေ့ရေးအတွက် တောင်းဆိုရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ အိုးထရက်ဖို့ဒ်သို့ပြောင်းရွှေ့ပြီး မန်ယူအတွက် ကစားပေးရန်အတွက် ထပ်မံ မစောင့်ဆိုင်းလိုတော့ဟု ပြောကြားခဲ့ကြောင်း ဘာဘာတော့ဗ်နှင့် နီးစပ်သည့်သူများက သည်ဆန်းသတင်းစာသို့ ပြောကြားခဲ့သည်။

မန်ယူ၏ ပရီမီယာလိဂ်ရာသီအစ ပွဲစဉ်များမစမီ မန်ယူသို့ရောက်ရှိလိုသော ဘာဘာတော့ဗ်သည် စပါးအသင်းတွင် ဘောလုံးရာသီနှစ်ရာသီအတွင်း ၄၆ဂိုး သွင်းယူခဲ့သည်။ ၎င်းသည် ၂၀၀၆ခုနှစ် နွေရာသီတွင် ပေါင်၂၂သန်းဖြင့် လေဗာကူဆင်မှ စပါးသို့ ရောက်ရှိလာသူဖြစ်သည်။ **(အင်တာနက်)**

ဒီပို့တီဗိုခံစစ်မှူး ကိုလော့စီနီ နယူးကာဆယ် ငါးနှစ်စာချုပ်ခေါ်ယူ

လန်ဒန် ဩဂုတ် ၁၆

နယူးကာဆယ်အသင်းသည် စာချုပ်ချုပ်ဆိုခေါ်ယူရန် နှောင့်နှေးကြန့်ကြာနေခဲ့သော ဒီပို့တီဗိုမှ အာဂျင်တီးနားခံစစ်မှူး ဖာဘရီစီယို ကိုလော့စီနီအား အပြီးသတ်စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက်၂၆နှစ်ရှိ ကိုလော့စီနီသည် နယူးကာဆယ်အသင်းနှင့် ငါးနှစ်စာချုပ်ဆိုခဲ့သည်။ ၂၀၀၄ခုနှစ် အိုလံပစ်တွင် အာဂျင်တီးနား လက်ရွေးစင်ဘောလုံးအသင်းနှင့်အတူ ရွှေတံဆိပ်ရရှိခဲ့သူ ခံစစ်မှူးကိုလော့စီနီသည် ဒီပို့တီဗိုတွင် လေးရာသီကြာ ကစားခဲ့ပြီး လေးဂိုးသွင်းယူခဲ့သည်။

ကစားခဲ့

ကိုလော့စီနီသည် ၎င်း၏ဘောလုံးသမားဘဝကို ဘိုကာဂျူနီယာအသင်း၌ ၁၉၉၈ခုနှစ်တွင်စတင်ခဲ့ပြီး ယင်းနောက်နှစ်တွင် အေစီမီလန်သို့ ပြောင်းရွှေ့ခဲ့သော်လည်း ဆန်စီရိုတွင် ပွဲတစ်ပွဲသာ ကစားဖြစ်ခဲ့သည်။ ထို့နောက် ၂၀၀၄ခုနှစ်တွင် ဒီပို့တီဗိုသို့ မပြောင်းရွှေ့ပြီး ဆန်လိုရင်ဇိုတွင် အငှားစာချုပ်နှင့် အလာဗက်စ်၊ အက်သလက်တီကို မက်ဒရစ်နှင့် ဗီလာရီးရဲတို့တွင် ကစားခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဧအောင်သရဖူ GCE

- GCE, SAT, TOEFL, IELTS & Speaking
- English for Academic Purposes

New Class: August 2008

☎ : 212357, 253113

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ MAZDA B-600၊ အိမ်သုံးကားသန့်သန့်၊ လိုင်စင်အနက်၊ ဘယ်မောင်း၊ ဆေးဘော်ဒီ အင်ဂျင်ကောင်း၊ ဂါလန်ဖြဝကား။ သိန်း(၆၀)

၂။ NISSAN BIG-N၊ လေးချိတ်၊ အိမ်သုံးကားအလွန်သန့်၊ Aircon ကောင်း၊ ပစ္စည်းတင်၊ မိသားစုသုံး၊ ဝန်ထမ်းကြိုပို့ကောင်း။ သိန်း(၂၀၀)

ဆက်သွယ်ရန် ဖုန်း-၂၄၆၇၈၂၊ ၂၄၁၁၉၄၊ ၇၀၃၈၆၄၊ ၀၉-၅၁-၇၈၉၇၉၊ ၀၉-၅၀-၂၃၀၈၂။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရက်စွဲ။ ။၂၀၀၈ခုနှစ်၊ ဩဂုတ်လ ၁၇ရက်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၀၉ခုနှစ် ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ချိပ်ပိတ်ဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်း လုပ်ငန်း

(ဃ) သင်ခန်းစာပို့ချချက် စီဒီနှင့် ဗွီစီဒီများ ကူးယူ၊ ထုပ်ပိုး အပ်နှံခြင်း လုပ်ငန်း

၂။ ချိပ်ပိတ်ဈေးနှုန်းလွှာ တင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၈-၈-၂၀၀၈ရက်(တနင်္လာနေ့)မှစ၍ တစ်စုံလျှင် ကျပ်၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်-

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၁-၉-၂၀၀၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၀ နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ ချိပ်ပိတ်တင်ဒါပုံးတွင် မှတ်ပုံတင် စာရင်းသွင်းပြီး ထည့်သွင်းရမည်။

၄။ ချိပ်ပိတ်ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့် နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာ တင်ပြရမည်။

၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။

(က) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

(ခ) အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)

(ဂ) ရန်ကုန်အဝေးသင်တက္ကသိုလ်

(ဃ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၀၂၂၅၇၊ ၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၂-၆၀၅၄၄နှင့် ၀၂-၆၂၁၇၀ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏စာအုပ်များနှင့် သင်ခန်းစာ ပို့ချချက် စီဒီ၊ ဗွီစီဒီများထုတ်လုပ်ရေးလုပ်ငန်းကော်မတီ။

တန့်ယန်းမြို့ မဟာမြတ်မုနိဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ မဟာမြတ်မုနိဘုရားကြီး ဘက်စုံပြုပြင်နိုင်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၇ရက်တွင် အဆိုပါဘုရားကြီး အာရုံခံတန်ဆောင်း၌ကျင်းပရာ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခိုင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရ နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ရေစက်သွန်းချ

ထို့နောက် မဟာမြတ်မုနိဘုရားကြီး ဆရာတော်ဘဒ္ဒန္တကောလိယျထံမှ ပရိသတ်တို့က ရေစက်ချအနုမောဒနာတရားနာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် ငွေကျပ်ငါးဆယ့်ကိုးသိန်း နှစ်သောင်းရှစ်ထောင်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အဆိုပြုလွှာပေးအပ်ပွဲနှင့် ဟောပြောပွဲကို ဩဂုတ် ၇ရက်က ရွှေပြည်သာမြို့နယ် စက်မှုဇုန်အပိုင်း(၁)ရှိ ကောင်းချီးမင်္ဂလာအထည်ချုပ်စက်ရုံ၌ ကျင်းပရာ စက်ရုံမန်နေဂျင်း ဒါရိုက်တာဒေါ်သင်းသင်းနိုင်က စက်ရုံဝန်ထမ်း ၅၀၀၏ အဆိုပြုလွှာများနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ် သိန်း ၆၀တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ ၁၅၀၀ကို ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်ထံ ပေးအပ်စဉ်။ (၁၁၃)



အင်းစိန်၌ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှား

ရန်ကုန် ဩဂုတ် ၁၆

အင်းစိန် အထက(၄) ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးပညာပေး၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး၊ လက်ထိုးရုပ်နှင့် ကြိုးဆွဲရုပ်သေးပြပွဲကို ဩဂုတ် ၁၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူးဦးသာထွန်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာ မောင်ယဉ်ကျော်)၊ ကျောင်းအုပ်ဆရာကြီး ဦးထိန်ဝင်း**(အပေါ်ပုံ)**တို့က အဖွင့်အမှာစကားပြောကြားပြီး ဒေါ်ချိုချိုအေးခေါင်းဆောင်သည့် ကြိုးဆွဲရုပ်သေးနှင့် လက်ထိုးရုပ်သေးအဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးသရုပ်ပြကြသည်။ (၁၂၇)

ဝါဆိုသင်္ကန်းများ လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၆

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ ဘုန်းတော်ကြီးကျောင်းများနှင့် အနီးပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ရဟန်းသာမဏေ ၅၃၁ပါးနှင့် သီလရှင် ၁၃ပါးအား ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)မှ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲ စဉ့်ကူမြို့ မြို့ကုန်းရပ် စိန္တာမုနိစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်တွင် စက်တင်ဘာ ၇ရက်၌ စတုတ္ထအကြိမ်မြောက် စာရေးတံမဲချ ဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် မိမိကြိုက်နှစ်သက်ရာသင်္ကန်းဝယ်ယူပြီး အလှူရှင်အမည် လိပ်စာအပြည့်အစုံရေးသား၍ နိုဝင်ဘာ ၂ရက် နောက်ဆုံးထား၍ ဆီမီး ၉၉၀၀အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန် ဦးစိုင်းဘုန်းထူး -ဒေါ်ဖြူဖြူညွန့်၊ ၄၆လမ်းအလယ် (တိုက်နီကြီး)နှင့် ဒေါ်ဇင်မာညို(ဖူဂျီဓာတ်ပုံလုပ်ငန်း) အနော်ရထာလမ်းနှင့် ၃၄လမ်းထောင့် ကျောက်တံတား မြို့နယ်သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မရမ်းကုန်းမြို့နယ်ပညာရေးဝန်ထမ်း သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများသမဝါယမအသင်းလီမိတက်ကကြီးမှူး၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မရမ်းကုန်းမြို့နယ် ဆရာ၊ဆရာမ ပညာရေးဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ်၁၅ရက်နံနက်က အထက(၁) မရမ်းကုန်း စန္ဒီမာခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာကြီး၊ ဆရာမကြီးများ၊ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များက ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦးနှင့် ဂုဏ်ထူးတစ်ဘာသာရရှိသူငါးဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

(အပေါ်ပုံ)

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ပွဲ မကျင်းပမီ မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အကျိုးအမြတ်ငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းအေး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးသောင်းအေး၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စန်းစန်းမြင့်တို့က အမှာစကား ပြောကြားကြပြီး ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌက အကျိုးအမြတ်ငွေကျပ် ၆၁၆၀၀၀ကို အသင်းသားများကိုယ်စား မြို့နယ်ပညာရေးမှူးထံပေးအပ်၍ ဒါရိုက်တာအဖွဲ့ဒုတိယဥက္ကဋ္ဌဆရာကြီး ဦးစိန်မြင့်က အခြေခံပညာကျောင်းပေါင်း ၄၂ကျောင်းသို့ ရုံးသုံးစက္ကူထုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပညာရေး)**

ဖလားဝါးနယူးစ်ဂျာနယ် သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၂)တွင် **‘သတိအကျွာ ငွေအပါမို့ မကျွာသတိရှိကြစေ’** အထူးသတင်းဆောင်းပါးနှင့်အတူ ကိုကို(စက်မှုတက္ကသိုလ်)၏ **‘ဆင်ခြေပေးတတ်သူများ’** အယ်ဒီတာ့ဒိုင်ယာရီ၊ အုန်းကိုင်းကျွန်းတည်ဆောက်ပြီးစီးသဖြင့် မြန်မာဟိုတယ်ဝန်ထမ်းများကို ဒူဘိုင်းက ယခင်ထက်နှစ်ဆတိုးခေါ်နေ၊ နှစ်အကုန်တွင် မုန်တိုင်းတစ်လုံးထပ်လာနိုင်၍ မိုးလေဝသသတိပေးချက်များ အထူးလိုက်နာရန်လို၊ ပြောင်းဖူးရိုးမှ အီသနောအရည်ထုတ်ကာ ဓာတ်ဆီအင်ဂျင်များတွင် သုံးစွဲမည်၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်သည် ပြည်ပနိုင်ငံများသို့ သဘာဝဓာတ်ငွေ့ တင်ပို့မှုအများဆုံးဖြစ်၊ မျက်မမြင်ကျောင်းသားများဆိုင်းအဖွဲ့ ဆိုင်းဝိုင်း၊ဗုံရေး၊တီးပြိုင်ပွဲသို့ ပထမဆုံးအကြိမ် ဝင်ပြိုင်မည်၊ မုန်တိုင်းဒီရေလွှမ်းဧရိယာကို အတိအကျဖော်ပေးမည့် မြေပုံထုတ်လုပ်ရေးစက်တပ်ဆင်တော့မည်စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ‘တစ်ပတ်ထဲမှာပြောစရာ (Quotes of the Week)’ ကဏ္ဍ၊ မြင်သူရှုက်ရသည့်အဖြစ်၊ ဆေးလိပ်ဖြတ်တော့မယ်ဆိုရင်… မျက်မှောက်ရေးရာရှုမြင်သုံးသပ်ဆောင်းပါးများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

‘ကောင်းကင်မှာ ဒုံးပျံမိုးတွေ ရှာမချတော့ဘူး’ ဒီမိုကရက်တစ်သမ္မတလောင်း ဘာရက်ခ်အိုဘားမားနှင့်တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ၁၀နှစ်သား နွားရိုင်းသတ်ကစားသမားလေးကြောင့် အချင်းပွားမှုများ ဖြစ်ပေါ်နေ၊ စင်ကာပူတွင် ဘာသာတရားကို လျစ်လျူရှုသူများလာ၊ ကမ္ဘောဒီးယားအာဏာရပါတီ၏ ရွေးကောက်ပွဲရလဒ် အနိုင်သေချာ၊ အိန္ဒိယဥပဒေကြောင့် ဂျပန်ကလေးငယ် မိဘမဲ့ဖြစ်ရတော့မည်၊ ပန်းချီကျော် ဗန်ဂိုးဖုံးအုပ် ရေးဆွဲခဲ့သည့် ပုံတူပန်းချီကို အိတ်စ်ရေးနည်းပညာသစ်က ဖော်ထုတ်ပြခဲ့၊ ပြုံးရယ်ချင်သူများအတွက် အခကြေးငွေဖြင့်ရယ်နည်းရောင်း၊ ဘွဲ့လက်မှတ် အတုများနှင့် အလုပ်လျှောက်သူများ လက်ရဖမ်းမိ၊ ထိုင်းတွင် ဆင်းရဲသားဦးရေ လျော့နည်းလာ၊ ပေကျင်းအိုလံပစ်အားကစားပွဲတော်အား ဘီဘီစီအကြီးအကဲ အမွှမ်းတင်၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယ၌ လူ ၁၈ဦး ထပ်မံသေဆုံး၊ ပေကျင်းတွင် အမေရိကန်ခရီးသွားအသတ်ခံရစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

မိုးညှင်းအရှင်ဣန္ဒက တရားပွဲ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာဓမ္မာရုံကြီးတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ပဓာနနာယကအဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ မိုးညှင်းအရှင်ဣန္ဒက(ရွှေဘို)ဆရာတော်အရှင်သူမြတ်သည် ဝါခေါင်လပြည့်ကျော်၈ရက်(ဩဂုတ်၂၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂နာရီတွင် မိုးညှင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များဟောကြားမည်ဖြစ်ပြီး ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်စသည့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသောပက်ထရိုနာ(စ်) မြန်မာ့ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-12 ၌ MF-1 ရေနံတွင်းကို ရေနံတွင်းတူးစက် NAGA-1 ဖြင့် ၂၀၀၈ခုနှစ် ဩဂုတ် ၁၅ရက်မှ အောက်တိုဘာ ၁၅ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် NAGA-1 ဖြင့် တူးဖော်မည့် MF-1 ရေနံတွင်း၏ တည်နေရာမှာ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၁မိနစ် ၆ဒသမ ၉၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၅၁မိနစ် ၃ ဒသမ ၄၅၇စက္ကန့်တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-12 ၌ MF-1 ရေနံတွင်းကို ရေနံတွင်းတူးစက် NAGA -1 ဖြင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

မူးယစ် ကင်းစင် အလှဆင်

သံလွင်၊ စစ်တောင်းနှင့် ပဲခူးမြစ်ရေ အခြေအနေ

ရန်ကုန် ဩဂုတ် ၁၆

(ဩဂုတ်၁၆ရက် မွန်းလွဲ၁၂နာရီခွဲ ထုတ်ပြန်ချက်)

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် စင်တီမီတာ ၈၈၀သို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် စင်တီမီတာ ၁၃၀(၄ဒသမ၃ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်း

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန်၁၁နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၉၁စင်တီမီတာ(သုံးပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူး

ပဲခူးမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၃၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၁စင်တီမီတာ (၀ ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ အောက်သို့ ရောက်ရှိနိုင်ကြောင်းဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီးရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်ကကျင်းပရာ အေးမြချမ်းသာ ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသီရိဓမ္မ (B.A ပါဠိဂုဏ်ထူး) အမှူးရှိသော သံဃာတော်များထံ တပည့်ဒါယကာ၊ ဒါယိကာမများက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (မြန်မာ့အလင်း)

မောက်မယ်မြို့တွင် စုပေါင်းသစ်ပင်စိုက်ပျိုး

မောက်မယ် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မောက်မယ်မြို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၆ရက်က အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဆွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ခုနစ်ရပ်ကွက်မှ ဥက္ကဋ္ဌများနှင့် ပြည်သူ အင်အား ၅၁၀ခန့်သည် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် ပန်းအလှပင် ၁၁၀၀တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် အမှတ် ၁၃၂ အခန်း ၁၂၇ ဒုတိယထပ် ၁၄ လမ်း လသာမြို့နယ်နေ ဦးစိန်ဝင်း-ဒေါ်ခင်ကြည်၊ သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦး လက်ခံယူစဉ်။ (ဂေါပကအဖွဲ့)

ပုလဲမြို့နယ် နွယ်အင်းကျေးရွာစာကြည့်တိုက်သို့ စာအုပ်နှင့်ပရိဘောဂများ ပေးအပ်လှူဒါန်း

ပုလဲ ဩဂုတ် ၄

ပုလဲမြို့နယ် နွယ်အင်းကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်နှင့် ပရိဘောဂများ လှူဒါန်းပွဲကို ဇူလိုင် ၂၂ရက် နံနက် ၁၀နာရီက မင်းတိုင်ပင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းတိုင်ပင်မြို့ရုံးမှ ဒုတိယဦးစီးမှူးဦးတင့်ဆွေက စာအုပ်နှင့် ပရိဘောဂများ လှူဒါန်းပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းထံသို့ မင်းတိုင်ပင်မြို့မှ ကျောင်းဆရာ ဦးဌေးနိုင်၊ဆရာမ ဒေါ်ခင်မြိုင်တို့က ငွေကျပ် ၁၆၀၀၀၀တန် ဗီရိုနှစ်လုံး၊ ဦးတင်အောင်-ဒေါ်ထွန်း(ကုန်သည်)တို့က ငွေကျပ် ၄၀၀၀၀တန် ဗီရိုတစ်လုံး၊ မင်းတိုင်ပင်မြို့ ဥက္ကဋ္ဌ ဦးကျော်တင့်-ဒေါ်ခင်ဝင်းတာတို့က အလှူငွေကျပ် ၂၀၀၀၀၊ နွယ်အင်းကျေးရွာ သမဝါယမလီမိတက်က ငွေကျပ် ၅၀၀၀၀ တန် ဗီရိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းထံသို့ မင်းတိုင်ပင်မြို့မှ အလှူရှင်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နွယ်အင်းကျေးရွာဥက္ကဋ္ဌ ဦးမျိုးဇော်ထံသို့ စစ်ကိုင်းတိုင်း တိုင်းရုံး၊ ခရိုင်ရုံးနှင့် မြို့နယ်ရုံးဝန်ထမ်းများ လှူဒါန်းသော စာအုပ်၊စာစောင်များကို ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်က ပေးအပ်လှူဒါန်းသည်။ (ခရိုင် ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် ဆေးတက္ကသိုလ်(၂)ရှေ့ ဥက္ကာ ၅လမ်း အမှတ် ၁၄၀ ACA ပညာရိပ်ငြိမ် တည်ထောင်ခြင်း (၂၅)နှစ်ပြည့်နှင့် ဆရာကြီးဦးချိုအေး၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် သုတ္တန္တပိဋက၊ အင်္ဂုတ္တရ နိကာယ၊ အင်္ဂုတ္တိုရ်ပါဠိ(တ-အုပ်)တွင် ကြေးပိဋကတ်တော်လေးချပ်အတွက် တန်ဖိုးငွေကျပ် ၁၀၄၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (မြန်မာ့အလင်း)

ကျောင်းသား ကျောင်းသူများ အာဟာရကျွေးမွေးလှူဒါန်း

နေပြည်တော်တပ်ကုန်း ဩဂုတ် ၈

နေပြည်တော်တပ်ကုန်း အောင်ဇေယျ ရပ်ကွက် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၏ အာဟာရကျွေးမွေးပွဲကို ဇူလိုင် ၂၂ရက်က ကျင်းပရာ အလှူရှင် ဦးတင်ထွန်းတာ-ဒေါ်လှဲ့လှဲ့ခိုင်(ကေသီပန် ဗီဒီယိုရိုက်ကူးရေး)မိသားစုက ကြက်သားကြာဆံဟင်းခါးများဖြင့် မူလတန်းကျောင်းသူ ကျောင်းသားများအား အာဟာရကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနှင့် ဆရာ ဆရာမများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ (၂၆၆)

ဖန်းမော်၌ စပါးအထွက်တိုး အသိပညာပေးဟောပြော သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြ

ဖန်းမော် ဩဂုတ် ၁၅

ဖန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့မှ ကျင်းပသော မိုးစပါးအထွက်တိုး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ရက် နံနက် ၈နာရီက စီအင်ကျေးရွာ ရှင်းလင်းဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မော်နှင့် တပ်မတော် အရာရှိများ၊ ခရိုင်ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ခရိုင်/မြို့နယ်စိုက်ညှိအဖွဲ့များနှင့် ဒေသခံတောင်သူဦးကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်မော်နှင့် ခရိုင်ဥက္ကဋ္ဌ ဦးစိုးဝင်း တို့က အမှာစကားပြောကြားပြီး ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်ဆွေက မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်သဇင်က အီးအမ်ဘိုကာရှီ သဘာဝမြေသြဇာပြုလုပ်ခြင်းနှင့် ဒိုချက်ကင်သဘာဝမြေသြဇာပြုလုပ်ခြင်းများကို ပညာပေး ရှင်းလင်းဆွေးနွေးသည်။

သရုပ်ပြ

ထို့နောက် တက်ရောက်လာကြသော တောင်သူ ဦးကြီးများအား ဒိုချက်ကင် သဘာဝ မြေသြဇာပြုလုပ်သုံးစွဲနည်းနှင့် အီးအမ်ဘိုကာရှီသဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းပေါက်ဖာထေးခြင်း၊ လမ်းဟောင်းများပြုပြင်ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ရက်က မြို့တွင်းရပ်ရှင်ရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်၌ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းဝေ လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိက ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရေစစ်ကန်ကို ဇူလိုင်၆ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းဘူး၌ ရေဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

မင်းဘူး ဩဂုတ် ၁၂

ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ၂၀၀၈-၂၀၀၉နှစ်အတွက် ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇူလိုင်၃၀ရက် နံနက်၁၀နာရီက မကွေးတိုင်း မင်းဘူးခရိုင် မင်းဘူးမြို့ အမှတ်(၄) ရွှေသူဌေးကုန်းရပ်၌ ကျင်းပရာမကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးပေါ်လွင်နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရတို့က ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ဝဲပုံ)**

ငါးမျိုးစိုက်ထည့်ပေး

အခမ်းအနားသို့ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ရေလုပ်ငန်းရှင်များတက်ရောက်ပြီး ငါးမြစ်ချင်း(ငါးသန်) ကောင်ရေ သုံးသိန်းကို ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇူလိုင်၃၁ရက်က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဂွမြို့ဝင်ဆိုင်းဘုတ်အနီး သံတွဲ-ဂွကားလမ်းဘေးဝဲယာတစ်လျှောက်၌ ကျင်းပရာ ဂွမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုတင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်သုံးရပ်ကွက်မှပြည်သူများ စိုက်ပျိုးကြစဉ်။ (မြို့နယ်သစ်တောဦးစီး)

မြောင်မြို့နယ်စည်ပင် လမ်းကပ်တံုးပြုလုပ်

မြောင် ဩဂုတ် ၈

မြောင်မြို့သာယာလှပရေးအတွက် ဇွန် ၂၀ရက်က မြောင်-ပရိမ္မလမ်းမကြီးဘေးဝဲယာတွင် လမ်းကပ်တံုးအသစ်များ ပြုလုပ်ခြင်းနှင့် ကပ်တံုးဆေးသုတ်ခြင်းများကို ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ ကြပ်မတ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

17-8 (15).pmd 1 3/15/2003, 6:11 AM

သီရိဂုဏ်ဝေ ဓမ္မဗိမာန်ကျောင်းဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြကျေးရွာ (လေးဒေါင့်ကန်) သီရိဂုဏ်ဝေ ဓမ္မဗိမာန်ကျောင်းတိုက်၌ ဆောက်လုပ်ဆဲ မဟာထေရ်စံကျောင်းတော်အတွက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် အထက(၁)မိသားစု အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးအုန်းမောင်-ဒေါ်တင်တင်အုန်း မိသားစု အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာက ငွေကျပ်တစ်သိန်းကို အရှင်ပညာသီဟာဘိဝံသ(ပဋ္ဌာန်ကာယ်)ထံ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

ယင်းကျောင်းတိုက်သည် သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းမိသားစုများအား စရိတ်ငြိမ်း ဝိပဿနာတရားတော်များကို အားထုတ်နိုင်စေရန် ဆောင်ရွက်ပေးထားသည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၅၁၅၁၄၊ ၀၁-၅၉၉၀၅၄နှင့် ၅၉၉၀၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မော်လမြိုင်တက္ကသိုလ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင် စိုက်ထူရန် အလှူငွေပေးအပ်

မော်လမြိုင် ဩဂုတ် ၁၀

မော်လမြိုင်တက္ကသိုလ်ဆေးရုံနှင့် ဖားအောက်ကျေးရွာ တိုက်နယ်ဆေးရုံတို့အတွက် ဆေးပဒေသာပင်စိုက်ထူရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက်က မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး အလှူရှင် မော်လမြိုင်မြို့မှ ဟာဂျီဦးစိုးသိန်းက မော်လမြိုင်တက္ကသိုလ်ဆေးရုံ ဆေးပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေကျပ်ခြောက်သိန်းကို မော်လမြိုင်တက္ကသိုလ်မှ ဦးမြင့်သိန်းနှင့် ဒေါက်တာနှင်းဝေလှိုင်သို့ လည်းကောင်း၊ ဟာဂျီဦးမြင့်စိုးက ဖားအောက်ကျေးရွာ တိုက်နယ်ဆေးရုံအတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ရိုးဂိုးကျေးရွာဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်နှင့် သူနာပြုဆရာမကြီး ဒေါ်လှမိုင်သို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မော်လမြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရီရီခင်က ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး သပိတ်ကျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းကို ဇူလိုင် ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဂျော့(ချ်)မျိုးမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

တာချီလိတ် ဩဂုတ် ၁၃

၂၀၀၈ ခုနှစ် တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃ရက် ညနေ ၃နာရီက တာချီလိတ်မြို့ မြို့မအားကစားကွင်း၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်အားပေးကြသည်။

အနိုင်ရ

ပြိုင်ပွဲတွင် လွယ်တော်ခမ်းကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် ဖန်မင်ကျေးရွာအုပ်စု ဘောလုံးအသင်းတို့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ လွယ်တော်ခမ်း ဘောလုံးအသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသော ပြိုင်ပွဲဝင်အသင်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပွဲတွင် ပထမရရှိသော လွယ်တော်ခမ်းကျေးရွာအုပ်စုအသင်းအား ငွေသားဆုနှင့်ဆုဖလားကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်က ပေးအပ်ရာ လွယ်တော်ခမ်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအားဖလိုးနှင့် အသင်းခေါင်းဆောင်တို့က လက်ခံယူသည်။ **(အပေါ်ပုံ)** (၀၁၆)

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၁၈-၈-၂၀၀၈(တနင်္လာနေ့)

- ☐ Mammalian Heart
  - အဝေးသင်၊ နေ့ ပထမနှစ် သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Mammalian Organs
  - အဝေးသင်၊နေ့ ပထမနှစ် သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Transfer of ownership
  - ဥပဒေ(နောက်ဆုံးနှစ်)ကျောင်းသား ကျောင်းသူများ

၁၉-၈-၂၀၀၈(အင်္ဂါနေ့)

- ☐ Evolution (ဆင့်ကဲဖြစ်စဉ်)
  - မဟာသိပ္ပံအရည်အချင်းစစ် ကျောင်းသား ကျောင်းသူများ၊
- ☐ သက်ရှိနှင့်ပတ်ဝန်းကျင်
  - ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ

၂၀-၈-၂၀၀၈(ဗုဒ္ဓဟူးနေ့)

- ☐ နောင်ရိုးတိုက်ပွဲ
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Cell Division
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Respiration
  - ပထမနှစ် သတ္တဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၁-၈-၂၀၀၈(ကြာသပတေးနေ့)

- ☐ နဝရတ်ကိုးသွယ် ရောင်စုံခြယ်
  - ပထမနှစ်(ဘူမိဗေဒ)၊ ကျောက်မျက်ဝါသနာရှင်များ၊ အများပြည်သူများ
- ☐ မြန်မာ့စကားပြေအကြောင်း သိကောင်းစရာများ
  - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် (နေ့+အဝေးသင်)မြန်မာစာကျောင်းသား ကျောင်းသူများ

၂၂-၈-၂၀၀၈(သောကြာနေ့)

- ☐ ရောဝတီမြစ်
  - ပထမနှစ်၊တတိယနှစ်(နေ့+အဝေးသင်)ပထဝီဝင် ကျောင်းသား ကျောင်းသူများ
- ☐ ရေနံချောင်းမြို့ ကျောက်စာရုံဘုရား ကျောက်စာချပ်များ
  - ဒုတိယနှစ်သမိုင်း ကျောင်းသား ကျောင်းသူများ

၂၃-၈-၂၀၀၈(စနေနေ့)

- ☐ Erosion and Deposition by Wind
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Global Ocean
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Landform Classification
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Earth and its Movement
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ရှေးခေတ် ပုဂံပြည်
  - ပထမနှစ်အထူးပြု အားလုံး
- ☐ ထားဝယ်လုံချည်
  - ပထမနှစ် အထူးပြုအားလုံး
- ☐ Coconut
  - ပထမနှစ် အထူးပြုအားလုံး

၂၄-၈-၂၀၀၈(တနင်္ဂနွေနေ့)

- ☐ Conflict of Law
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Classification of Constitution
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Military Law
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Civil Jurisdicton
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Juvenile Courts and the Methods of Reformation
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Country Profile of ASEAN Members
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Administrative Tribunals
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

ဖခင်အမည်မှန်

အထက(၂)အင်းစိန် ဆဋ္ဌမတန်း (D)မှ မောင်ဖွဲ့ထက်မြက်၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းဝင်းအောင်ဖြစ်ပါကြောင်း။ **ဦးငြိမ်းဝင်းအောင် ၁၂/အစန(နိုင်)၀၄၇၃၀၅။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁ယ/၁၆၂၆၂ လက်ဝယ်ရှိသူဦးမြင့်ဟန် ၇/တငန(နိုင်)၁၀၃၉၈၇က (ကမ-၃)ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့ (၂)ရပ်ကွက်နေ မိချမ်းလန်းမွန် ၃/သတန(နိုင်)၀၃၂၆၁၈သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
မိဘ-ဦးလှခိုင်-ဒေါ်စမ်းစမ်းနွဲ့(သံတောင်မြို့)။

ဥတုရာသီ တောကိုမှီ၏

ကြော်ငြာစာ

မန္တလေးမြို့ ရတနာပူရ တည်ဆောက်ရေး သမဝါယမအသင်းလီမိတက်သည် သမဝါယမ ကူးသန်းရောင်းဝယ်ရေးဗဟိုဌာန၊ ဆရာစံပလာဇာ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းတွင် အစုရှင်းနီးငွေကျပ် ၆၃၁ ဒသမ ၁၄ သိန်း ထည့်ဝင်ထားပါသည်။ ရတနာပူရ တည်ဆောက်ရေး သမဝါယမအသင်း ဥက္ကဋ္ဌဟောင်း ဦးမြင့်ဟန်က ယင်းအစုထည့်ဝင်ရင်းနှီးငွေကျပ် ၆၃၁ဒသမ၁၄ သိန်းအား ဒေါ်အေးမြတ်နွယ်(အုပ်ချုပ်မှုဒါရိုက်တာ၊ ပုဂံစုပါမတ်ကက်)သို့ လွှဲပြောင်းပေးပါရန် ဆရာစံပလာဇာ အဆောက်အအုံဖွံ့ဖြိုးစည်ပင်ရေးကော်မတီထံ တင်ပြလာခဲ့ပါသည်။ ယခုအခါ အဆိုပါ ရတနာပူရတည်ဆောက်ရေး သမဝါယမအသင်းလီမိတက်သည် သမဝါယမအသင်း မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ပါသည်။ ရတနာပူရ တည်ဆောက်ရေး သမဝါယမအသင်း၏ အသင်းသားများနှင့် ဤအသင်းနှင့် ဆက်နွယ်သူများ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၂၁ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဆရာစံပလာဇာ အဆောက်အအုံဖွံ့ဖြိုးစည်ပင်ရေးကော်မတီ
ဆရာစံပလာဇာအဆောက်အအုံ(မြေညီထပ်)
ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/မြောက်ရပ်ကွက်၊ မပိုလမ်း၊ အမှတ် ၂၁၊ ရှစ်ထပ်တိုက်၊ ခြောက်လွှာ(အေ)အခန်းနှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးခင်မောင်ညွန့် ၁၂/အစန (နိုင်)၁၁၆၄၆၁၊ ဇနီး ဒေါ်စန်းစန်းတင့် ၁၂/ရကန(နိုင်)၀၁၄၀၀၆တို့ထံမှ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီချက်ရရှိ၍ ငွေအချို့ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါ တိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသောအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မက/၃၁၉၄၁ ကန်ဘို လက်ဝယ်ရှိသူ ဦးခင်မောင်ညွန့် ၈/ပမန(နိုင်) ၀၀၂၂၂၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူမြို့)။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၈၆၁၄၀ **JLM Dream** လက်ဝယ်ရှိသူ ဒေါ်မိုးမိုးထွေး ၉/မရမ(နိုင်)၀၄၁၈၀၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)။**

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပွင့် LL.B,D.B.L (စဉ်-၂၈၁၈၃)

ဒေါ်စန္ဒာစိုး LL.B (စဉ်-၂၄၆၉၁)

အထက်တန်းရှေ့နေများ
တိုက်အမှတ် ၅၅၊ အခန်း ၁၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁-၂၅၇၉၅။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

အိုင်တီနည်းပညာနှင့်ပတ်သက်သော အချက်အလက်များကိုသိရှိနိုင်မည့် ဆွေးနွေးပွဲသို့ တက်ရောက်လေ့လာကြသည့် လူငယ်များကို ဤသို့တွေ့ရသည်။

လူငယ်များအတွက် အကျိုးဖြစ်ထွန်းစေသည့် CICT ဒီပလိုမာဆိုင်ရာ ဆွေးနွေးပွဲ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဩဂုတ် ၁၆

အိုင်တီနည်းပညာနှင့်ပတ်သက်သည့် လေ့လာဆည်းပူးသင့်သော အရာကား များလှသည်။ အိုင်တီနည်းပညာသစ်များမှာလည်း နေ့စဉ်ထွက်ပေါ်နေသည်ဖြစ်ရာ မပြတ်တမ်း လေ့လာသင်ယူနေမှသာ အချိန်နှင့်အမျှ ပြောင်းလဲနေသော အိုင်တီနည်းပညာသစ်များကို သိရှိနိုင်မည်ဖြစ်သည်။

အချက်အလက်

အိုင်တီနည်းပညာနှင့်ပတ်သက်သော အချက်အလက်များကို သိရှိနိုင်မည့် ဆွေးနွေးပွဲကို Myanmar Information Technology Pte. Ltd. မှ ကြီးမှူးပြီး ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ ကွန်ဖရင့်ခန်းမ၌ ဩဂုတ်၁၅ရက် နံနက်၉နာရီက စတင်ကျင်းပခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်ကမ်းလွန်မှ သေမင်းတမန်ဇုန်

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာများရှိ သေမင်းတမန်ဇုန်များအနက် တဖြည်းဖြည်း ဧရိယာကျယ်ပြန့်လာသော သေမင်းတမန်ဇုန်မှာ အမေရိကန်နိုင်ငံ တောင်ဘက်ကမ်းရိုးတန်းအလွန်ရှိ သေမင်းတမန်ဇုန်ပင်ဖြစ်သည်။

အဏ္ဏဝါသိပ္ပံ စာ-၅

ဆေးမင်ကြောင်ထိုးသူများ သွေးနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားနိုင်

ခန္ဓာကိုယ်တွင် ဆေးမင်ကြောင်ထိုးခြင်းများသည် အရေပြားရောဂါများ ဖြစ်ပွားစေနိုင်သည့်အပြင် ကင်ဆာရောဂါလည်း ဖြစ်ပွားတတ်သည်။

အင်တာနက်ကျန်းမာရေး စာ-၅

ထိခိုက်စေရန် မရည်ရွယ်ခဲ့ပါသော်လည်း....

စေ့စပ်သေချာသော ချာတာလီယာသည်ပင် လုပ်သက် ၁၂နှစ် ရရှိသည့် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် မမျှော်လင့်၊ မထင်မှတ်သောဖြစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး သောကနှင့် စစ်ခင်းခဲ့ရသည်။

ချစ်စိုးနိုင်၏ နိုင်ငံတကာမှခင်း စာ-၅

17-8 (20).pmd 1 3/15/2003, 6:11 AM